# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)
(သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

မူကြမ်း

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၂၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၇.၉၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့် ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၆-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့သို့ မတက်ရောက် နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၂၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၂) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၃) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်နှင့်

(၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်တို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူ ၅ ဦး၊ ယနေ့ ခွင့်ပန်ကြားထားသူ ၄ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး ယနေ့ခွင့်ပြုထားသူ ၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်၏ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲအပြီး နောက်ပိုင်း ဆောင်ရွက်သော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငွေးရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင် ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆော တလျင် ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင် သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများ မပြုလုပ်ဘဲ အစိုးရတာဝန် မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ် ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ဆက်လက်ဆောင် ရွက်ပါမယ်။ ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၃ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၂)နဲ့ နည်းဥပဒေခွဲ(ဂ)တို့အရ ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအရေးကြီးအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၂ ဦးရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးကြတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အပြုသဘောဆောင်ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ အဆိုကို စပ်လျဉ်းပြီး ဆွေးနွေးတဲ့စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆွေးနွေးကြပါရန် ဦးစွာ ပြောကြားအပ်ပါတယ်။ ပထမဦးစွာ ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကိုက ဆွေးနွေးဖို့ဖြစ်ပါ တယ်။

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမဲဆန္ဒနယ်က ဦးပိုက်ကို ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာကတော့ ပုလဲမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ အရေးကြီးအဆိုဖြစ်တဲ့ အစိုးရတာဝန် မလွှဲပြောင်းမီ နိုင်ငံပိုင်စက်ရုံများ၊ စီးပွားရေးလုပ်ငန်းများ စီမံကိန်းများနှင့် နိုင်ငံပိုင် သယံဇာတများကို လိုအပ်သောဆောင်ရွက်မှုများ သဘောတူညီညှိနှိုင်းမှု မပြုလုပ်ဘဲ အလျင်အမြန် ဆောင်ရွက်နေမှုများကို နိုင်ငံတော်နှင့်

နိုင်ငံသားအကျိုးအတွက် အသေးစိတ် စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် နိုင်ငံတော်သမ္မတအား တိုက်တွန်း ကြောင်းအဆိုကို အပြုသဘောနဲ့ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို ဆွေးနွေး တဲ့နေရာမှာ လာမည့်အစိုးရအတွက် တာဝန်လွှဲပြောင်းခြင်းကိစ္စ တစ်ခုတည်းသာမဟုတ်ဘဲနဲ့ နောင်အဆက်ဆက်သော အစိုးရများကို တာဝန်လွှဲပြောင်းခြင်းမပြုမီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက် နိုင်စေရန်နှင့် ချောမွေ့နေစေရန် အစဉ်အလာကောင်းတစ်ရပ်အဖြစ် ပြုလုပ်နိုင်အောင် ဆွေးနွေးလို ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအရေးကြီးအဆိုကို ဆွေးနွေးဖို့ မနေ့က အတည်ပြုတဲ့အခါမှာ ထောက်ခံ သူ ၂၇၈ မဲ၊ ကန့်ကွက်သူ ၁၃၂ နဲ့ ကြားနေ ၃ မဲရှိခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များ တာဝန်ရှိအစိုးရအဖွဲ့ဝင်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား။ ဒီနေ့ ဒီနေရာမှာ ဟောဒီအရေးကြီးအဆိုကို ဆွေးနွေးနေစဉ်မှာပဲ ကျွန်တော်တို့ရဲ့ လွှတ်တော်ပြင်ပက ကျွန်တော်တို့ ပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကနေပြီး တော့ ကျွန်တော်တို့ ဆွေးနွေးမှုများကို စောင့်ကြည့်ပြီး ဝေဖန်သုံးသပ်မှုကို သတိပြုရမှာဖြစ်ပါတယ်။ လွှတ်တော်နှင့်အစိုးရအဖွဲ့ကို ဦးဆောင်ပါဝင်သူများဟာ စိတ်ကောင်းစေတနာနဲ့ ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်များရဲ့ မျက်နှာကိုမှမကြည့်ဘဲနဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အရေးကိစ္စများကို ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်လုပ်ကိုင်ကြသူများလို့ ပြည်သူတွေက မျှော်လင့်ထားကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လွှတ်တော်နှင့်အစိုးရ ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်မှုဟာ နိုင်ငံတော်နှင့် နိုင်ငံသားတွေ ရဲ့ အကျိုးစီးပွားကို ဘယ်လောက်အကာအကွယ်ပေးပြီး ဆောင်ရွက်မလဲဆိုတဲ့ သမိုင်းမှတ်တိုင်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တွေးခေါ်မြော်မြင်မှု ဆင်ခြင်တုံတရားတွေဟာ နိုင်ငံတော်နှင့် နိုင်ငံသားတွေရဲ့ ရေရှည်အကျိုးစီးပွားနှင့်သက်ဆိုင်ပြီး ကျွန်တော်တို့လွှတ်တော်နှင့် အစိုးရရဲ့ အဆင့်အတန်းကို ပြသတာပဲ ဖြစ်ပါတယ်။ ထောက်ခံသူများ၊ ကန့်ကွက်သူများ၊ ကြားနေသူများ အားလုံး သေသေချာချာ စဉ်းစားပြီး အစဉ်အလာကောင်းတစ်ခုကို ဝိုင်းဝန်းပြီး စတင်လုပ်ဆောင် ကြရအောင်ပါလို့ တိုက်တွန်း လိုပါတယ်။ ကျွန်တော်တို့ရဲ့ ကောင်းမွန်တဲ့ သမိုင်းမှတ်တိုင် စိုက်ထူနိုင်မယ့် ဒီအခွင့်အရေးကို လက်မလွှတ်ဘဲ စိုက်ထူကြရအောင်ပါလို့ ထပ်မံတိုက်တွန်း

လိုပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ဖြစ်တဲ့ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ အဆိုဖြစ်တဲ့ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီး နောက်ပိုင်း ဆောင်ရွက်နေတဲ့ နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများကို အလျင်စလို ငှားရမ်းရောင်းချခြင်းမှ ပုဂ္ဂလိကပိုင်ပြုလုပ်မှုစီမံကိန်းများကို နေရာတကျ မစီမံဘဲ အဆောတလျင်ပြုလုပ်မှုကို စိစစ်ဟန့်တားနိုင်ဖို့အတွက် နိုင်ငံတော်သမ္မတအား တိုက်တွန်း ကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲအပြီးကာလမှာ ကျွန်တော်တို့နေထိုင်တဲ့ မင်္ဂလာဒုံ မြို့နယ်မှာရှိတဲ့ လူနေရပ်ကွက်များကို ရပ်ကွက်လုံးကျွတ် ဘူဒိုဇာနဲ့ထိုးကာ ဖျက်ဆီးနေကြတာကို သတင်းမီဒီယာ များတွင် ကိုယ်စားလှယ်တော်ကြီးများ တွေ့မြင်ပြီး ဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။ ဖြစ်စဉ်များကို တင်ပြရရင်တော့ ဖြစ်စဉ်(၁) ရွေးကောက်ပွဲအပြီး ၂၆-၁-၂၀၁၆ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စုရှိ မြမြံအောင်၊ စံသမာဓိ၊ မြဝတီမှာနေတဲ့ လူနေအိမ် ၅၀၀ ကျော်ဟာ အင်အားသုံး ဖျက်ဆီးခံခဲ့ရပါတယ်။ အထက်ပါသုံးနေရာကို မဖျက်ခင်မြို့နယ်မှ တာဝန်ရှိသူ များကို ပြည်သူများနှင့် မြို့မိမြို့ဖများက သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ စာမေးပွဲဖြေဆိုရန် နီးကပ်နေကြသော ကျောင်းသားများ၊ သားဖွားပြီးစ မိခင်များပါနေထိုင်ကြတဲ့အတွက် ခေတ္တမျှ စောင့်ဆိုင်းပေးရန် တောင်းဆိုသော်လည်း ပြည်ထဲရေးဝန်ကြီးဌာန၏ တိုက်ရိုက်အမိန့်ဆိုပြီး နေအိမ်များကို ငှားရမ်းထားတဲ့ လူရမ်းကားများကိုသုံးပြီး ဘူဒိုဇာများဖြင့် ထိုးချဖျက်ဆီးခဲ့ပါတယ်။ အဖျက်ခံရသူ များက လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်ကတည်းက အဆိုပါနေရာများမှာ ချုံ၊ နွယ်၊ ပိတ်၊ ပေါင်းများကို ရှင်းလင်းကာ ဓားမဦးချနေထိုင်လာသူများဖြစ်ပါတယ်။

ဒုတိယဖြစ်စဉ်ကတော့ ရွေးကောက်ပွဲအပြီး ပျဉ်းမပင်ကျေးရွာအုပ်စု ဗိုလ်ခြံရပ်ကွက် ရပ်ကွက်တစ်ခုလုံးအား ဖယ်ရှားပေးရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဖေဖော်ဝါရီလ ၄ ရက်နေ့ ရက်စွဲဖြင့် ဗိုလ်ခြံရပ်ကွက်သို့ စာပို့လာပါတယ်။ ဖြစ်စဉ်ကို လေ့လာကြည့်တဲ့အခါမှာ အင်္ဂလိပ် ကိုလိုနီလက်ထက်က တည်ထောင်ခဲ့တဲ့ Steel Brother ကုမ္ပဏီက မစ္စတာရမ်နီရာဇက်ဆိုသူ အိန္ဒိယလူမျိုးထံသို့ အဆိုပါ ဗိုလ်ခြံရပ်ကွက်အပါအဝင် မင်္ဂလာဒုံမြို့နယ်ရှိ မြေဧက ၁၇၀၀ ကို ရောင်းချခဲ့တဲ့ စာချုပ်တစ်ခုကြောင့် တစ်ရပ်ကွက်လုံး ဖယ်ပေးရန် အကြောင်းကြားခြင်းဖြစ်ကြောင်း အံ့သြဖွယ်ရာတွေ့ရပါတယ်။ ဝယ်ယူသူမူလ ရမ်နီရာဇက်က လွတ်လပ်ရေးရပြီး အိန္ဒိယကို ပြန်သွား ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး အိန္ဒိယနိုင်ငံမှာပဲ ကွယ်လွန်ခဲ့ပါတယ်။ အဆိုပါ မင်္ဂလာဒုံမြို့နယ်ရှိ ဧက ၁၇၀၀ ကို ၎င်း၏ သားဖြစ်သူ မဟာဗီရာဇပ်က ပိုင်ဆိုင်ကြောင်း မဟာဗီရာဇပ်ထံမှ ဦးစံဝင်းဆိုသူက ဝယ်ယူထားသဖြင့် လွတ်လပ်ရေးမရမီကတည်းက နေထိုင်လာသော ဗိုလ်ခြံရပ်ကွက် တစ်ခုလုံးအား ပြောင်းရွှေ့ပေးရမည်ဖြစ်ကြောင်း အစိုးရအပြောင်းအလဲမတိုင်မီ အပြီးရွှေ့ပေး ရမည်ဖြစ်ကြောင်းလည်း သိရပါတယ်။ ယခု ဒုတိယဖြစ်စဉ်ကို လေ့လာကြည့်တဲ့အခါမှာ အိန္ဒိယလူမျိုးတစ်ဦးနှင့် အင်္ဂလိပ် ကုမ္ပဏီတို့ ချုပ်ဆိုခဲ့တဲ့စာချုပ်ကြောင့် တိုင်းရင်းသား မြန်မာလူမျိုးများ နေထိုင်သည့် လူနေရပ်ကွက် တစ်ခုလုံးအား ဖယ်ရှားခိုင်းခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာအစိတ်အပိုင်း ဆုံးရှုံးနေတယ် ဆိုရင်လည်း မှားမယ်မထင်ပါဘူး။

တတိယဖြစ်စဉ်ကို ဆက်လက်တင်ပြပါ့မယ်။ ရွေးကောက်ပွဲပြီး အင်းစိန်မြို့နယ် ဒညင်းကုန်း အစာစက်ရုံ မွေးမြူရေးဌာနပိုင် မြေတိုင်းအမှတ်(၄၀၄/B)၊ မြေကွက်အမှတ်(၂၀) မှာ နေထိုင်သူများကို ဖယ်ရှားခိုင်းခြင်းဖြစ်ပါတယ်။ အဆိုပါအစိုးရပိုင် မြေ ၅၄ ဧကကို ဘယ်ဈေးနဲ့ ဘယ်သူ့ကို ရောင်းလိုက် တယ်ဆိုတာမသိရပေမယ့် နိုင်ငံတော်ရဲ့တာဝန်များကို ထမ်းဆောင်လာတဲ့ နှစ်ပေါင်း ၄၀ ကျော်ကြာ နေလာခဲ့တဲ့ ဝန်ထမ်းမိသားစုနေအိမ်များကိုတော့ ရွေးကောက်ပွဲအပြီး ၁၆-၁၂-၂၀၁၅ ရက်နေ့တွင် ပထမ တစ်ကြိမ်၊ ၁၇-၁-၂၀၁၆ ရက်နေ့တွင် ဒုတိယတစ်ကြိမ် ဖျက်ဆီးခဲ့ပါတယ်။ စတုတ္ထဖြစ်စဉ်ကို ဆက်လက်တင်ပြပါ့မယ်။

ရွေးကောက်ပွဲအပြီးကာလမှာ အင်းစိန်မြို့နယ် စက်မှုဝန်ကြီးဌာနပိုင် အမှတ်(၃၄) အုတ်စက်ရုံးဝင်းကို ပြင်ပကုမ္ပဏီတစ်ခုအား ရောင်းချခဲ့ပြီး လွန်ခဲ့သောနှစ် ၂၀ ကျော်က နေထိုင်လာတဲ့ ဝန်ထမ်းများကို ဖယ်ရှားနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါစက်ရုံဝန်းအတွင်းမှာ နေထိုင်ကြတဲ့ လူဦးရေ ၁၀၀၀ ကျော်ဟာ နိုင်ငံတော်အစိုးရက မိဘပြည်သူများကို စေတနာ၊ မေတ္တာအပြည့်အဝနှင့် ကူညီပံ့ပိုးမှုကို လိုလားလျက် ရှိကြောင်း သိရပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဉ္စမဖြစ်စဉ်ကို ဆက်လက်တင်ပြပါဦးမယ်။ ရွေးကောက်ပွဲအပြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ်အသီးသီးမှာ လိုင်စင်ကြေး၊ အခွန်းခများ၊ အစိုးရကကောက်ခံတဲ့အခွန်များကို အဆမတန်တိုးမြှင့်ကောက်ခံခဲ့တဲ့ အပြင် အချိန်မတန်မီ စောစီးစွာ ကောက်ခံနေကြောင်းလည်း သိရပါတယ်။ သာဓကအားဖြင့် တင်ပြရ မယ်ဆိုလို့ရှိရင် မင်္ဂလာဒုံမြို့နယ်မှာ မြန်မာ့ရိုးရာ ထန်းလုပ်ငန်းလိုင်စင်ကို ဗိုလ်မွတ်ဆိုသူ တစ်ဦးတည်းက လေလံစွဲစရာမလိုဘဲ နှစ်စဉ်ရရှိထားသူဖြစ်ပါတယ်။ မိရိုးဖလာ ထန်းတက်လုပ်ငန်းကိုလုပ်ကိုင်နေ ကြတဲ့ အညာသား ထန်းသမားများအား အထက်ပါလိုင်စင်ကိုင်ထားသူ ဗိုလ်မွတ်က ငွေကြေးကောက်ခံ နေသည်မှာ နှစ်စဉ်နှစ်တိုင်းပဲဖြစ်ပါတယ်။ ယခုနှစ်မှာတော့ အစိုးရအပြောင်းအလဲ ရှိလို့ဆိုပြီး ထန်းတက်ခွင့်ရှိတဲ့ လူတွေအတွက် ပေးရတဲ့လိုင်စင်ကို သုံးဆ၊ လေးဆ ဥပဒေမဲ့ တိုးမြှင့်ကောက်ခံပြီး ထူးခြားတာကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးက ထန်းသမားများကို ဆင့်ခေါ်ကာ အစိုးရအပြောင်းအလဲ ရှိလို့ဆိုပြီး ဗိုလ်မွတ်ကိုပေးနေရတဲ့ငွေကို စောစီးစွာပေးရန် ခေါ်ယူသတိပေးခြင်းပဲဖြစ်ပါတယ်။ ယခုကျွန်တော် တင်ပြခဲ့တဲ့ဖြစ်စဉ်များက ရွေးကောက်ပွဲ အပြီးကာလများမှာ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်များကို ရွေးချယ်ပြီးတော့ တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ အထက်တွင် တင်ပြခဲ့တဲ့ နေအိမ်ဖျက်ဆီးခံရသူများဟာ ဥပဒေချိုးဖောက်သူများ မဟုတ်ဘဲ ခိုကိုးရာမဲ့ မြန်မာနိုင်ငံသားများဖြစ်တယ်ဆိုတာ တွေ့ရမှာပါ။ သမ္မတဦးသိန်းစိန် ဦးဆောင်တဲ့အစိုးရ တက်လာပြီးတဲ့နောက် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်မှု ကို မြန်မာ့နွေဦးလို့ ကမ္ဘာကအသိအမှတ် ပြုထားပါတယ်။ ဒီမိုကရေစီနည်းကျတက်လာတဲ့ အစိုးရသစ်ကို ငြိမ်းချမ်းစွာအာဏာလွှဲပြောင်းပေးတဲ့ မြန်မာ့သမိုင်းမှာ ပထမဆုံးအစိုးရအဖြစ်

မှတ်တမ်းဝင်မှာကို လည်း ပြည်သူများက စိတ်ဝင်တစား တွေ့မြင်လိုကြပါတယ်။ သို့သော် နိုင်ငံပိုင်သတင်းစာများမှာ အဖြစ်အမှန်များကိုဖုံးကွယ်ပြီး လက်ရှိအစိုးရက စီမံကိန်းများကို ရပ်ထားသယောင် ပြည်သူများအား နေအိမ်များ အတင်းအဓမ္မ ဖယ်ရှားနေမှုများကို မသိကျိုးကျွန်ပြုနေခြင်းဟာ အစိုးရရဲ့ဂုဏ်သိက္ခာ ကျဆင်းပြီး အကျိုးရှိသူများမှာ ဝိသမလောဘသမားများ ဖြစ်သည်ဆိုတာကို နှလုံးသွင်း ဆင်ခြင်သင့်ပါတယ်။ ပြည်သူအပေါင်းတို့အား နှိပ်စက်ညှဉ်းဆဲပြုသူများကို နှိမ်နင်းသုတ်သင်ဟန့်တားခြင်း (အဝိဟိံသ)၊ ပြည်သူများအား လှည့်ဖြားမှုကင်း၍ ဖြောင့်မတ်စွာကြေခြင်း(အဇ္ဈဝ)၊ ပြည်သူတို့၏ အလိုကို မဆန့်ကျင်ခြင်း(အဝိရောဒန) စသောတရားတို့သည် ရှေ့မင်းကောင်းမင်းမြတ်တို့၏ ထုံးတမ်းဓမ္မတာ အစဉ်အလာဖြစ်သည်နှင့်အညီ လက်ရှိနိုင်ငံတော် အစိုးရက လိုက်နာကျင့်သုံးမည်ဟု မျှော်လင့်ပါသည်။ အဆိုရှင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့ တိုက်တွန်းချက်ဟာ နိုင်ငံတော် အစိုးရအား ဖြောင့်မတ်မှန်ကန်သော တရားသဖြင့်အုပ်ချုပ်သော အစိုးရဖြစ်လာစေရေးအတွက် စေတနာထားတိုက်တွန်းချက်ဖြစ်သည့်အတွက် အလွန်ကောင်းမွန်သည့် အဆိုဖြစ်ကြောင်းနှင့် လှိုက်လှိုက်လှဲလှဲထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ယနေ့အခမ်းအနားသို့ ကြွရောက် လာကြသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာရှိသော နံနက်ခင်းပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက် ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီ တိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် တင်ပြဆွေးနွေးမယ့် အကြောင်းအရာကတော့ ပုလဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် တင်သွင်းထားတဲ့ အရေးကြီးအဆိုများထဲက ရွေးကောက်ပွဲပြီး နောက်ပိုင်း ဆောင်ရွက်နေတဲ့ နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အလျင်စလို ငွားရမ်းရောင်းချ လွှဲပြောင်းမှုဆိုတဲ့ အကြောင်းအရာနဲ့ ကျူးကျော်များကို အဓမ္မ ဖယ်ရှားမှုဆိုတဲ့

အကြောင်းအရာများကို လယ်ယာစိုက်ပျိုးရေးကဏ္ဍရဲ့ ရှုထောင့်ကနေ ဆွေးနွေးတင်ပြ ပြီးတော့ ထောက်ခံမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စိုက်ပျိုးရေးရုံးများ မြို့နယ်ရုံး၊ ခရိုင်ရုံး၊ တိုင်းရုံးများဟာ လုပ်ငန်းသဘောသဘာဝရဲ့ လိုအပ်ချက်အရ တောင်သူများ လာရောက်တွေ့ဆုံဖို့၊ တောင်သူများကို ဆွေးနွေးဖို့၊ တောင်သူများကို သင်တန်းပေးဖို့၊ ကျယ်ဝန်းတဲ့နေရာများဖြင့် ထားရှိစီစဉ်ထားခဲ့ပါတယ်။ ယခုအခါမှာ အဲဒီခြံများကို ပိုင်းခြား၊ ရုံးများကို ပိုင်းခြားပြီးတော့ ပုဂ္ဂလိကလုပ်ငန်းရှင်များ ကုမ္ပဏီ များကို နှစ်တိုနှစ်ရှည်ငှားရမ်းခြင်းများကို နိုင်ငံအနှံ့ဆောင်ရွက်နေတာကို ကြားသိနေရပါတယ်။ ဥပမာ-ပုသိမ်ကြီး မျိုးသန့်စက်ရုံဝင်၊ ပလိတ်တမာ ပိုးသတ်စက်ရုံဝင်း၊ အမရပူရစိုက်ပျိုးရေးမြို့နယ်ရုံးအစရှိတဲ့ ရုံးများအပါအဝင် နေရာအနှံ့၊ တိုင်းပြည်အနှံ့မှာ ရုံးများကို ထိုကဲ့သို့ လွှဲပြောင်းဆောင်ရွက်နေတယ်လို့ ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိစိုက်ပျိုးရေးကဏ္ဍမှာ မျိုးကောင်းမျိုးသန့်များရရှိရေး၊ သန့်စင် တဲ့မျိုးများရရှိရေးဟာ အပူတပြင်းဆောင်ရွက်နေရတဲ့ တောင်သူလယ်သမားများ လိုအပ်နေတဲ့အချက် ဖြစ်ပါတယ်။ ဒီကဏ္ဍကို တစ်စိတ်တစ်ပိုင်း တိုင်းပြည်က ဖြည့်တင်းပေးတဲ့အနေနဲ့ ကျွန်တော်တို့ စိုက်ပျိုးရေးဌာနမှာ မျိုးကောင်းမျိုးသန့်ထုတ်တဲ့ခြံတွေ၊ မျိုးစေ့ထုတ်တဲ့ခြံတွေ၊ မျိုးသန့်ထုတ်တဲ့ခြံတွေ ရှိပါတယ်။ အဲဒီခြံများကိုလည်းပဲ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီများကို အပြီးအပိုင်လွှဲပြောင်းခြင်း၊ အကျိုးတူပူးပေါင်း ဆောင်ရွက်ရန် နှစ်တိုနှစ်ရှည်ငှားရမ်းခြင်းဆိုပြီးတော့မှ လုပ်ဆောင်နေတာတွေ ရှိပါတယ်။ ဥပမာအားဖြင့် ရွှေတောင်မျိုးသန့်ခြင်း၊ ပဲခူးသစ်ချိုခြင်းများကိုလည်း လွှဲပြောင်းပြီးပြီးလို့ သိရပါတယ်။ ကျောက်ပန်းတောင်းဆည်ပေါက်ခြံ၊ မြနဒီသရက်ခြံ၊ ရွှေဘိုချီပါခြံ၊ စဥ့်ကိုင်မျိုးသန့် ခြံစတဲ့ ခြံများကိုလည်းပဲ လွှဲပြောင်းဖို့လုပ်နေတယ်လို့ ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့လုပ်တဲ့အခါမှာ လွှဲပြောင်းတဲ့ကုမ္ပဏီများဟာ ဆက်လက်ပြီးတော့ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်မယ်၊ မလုပ်ဆောင်ဘူးဆိုတာကိုလည်းပဲ သေချာ မသိရပါဘူး။ တချို့ လွှဲပြောင်းတဲ့ မြို့နယ်ရုံးများထဲမှာဆိုရင် စိုက်ပျိုးရေးနဲ့မဆိုင်တဲ့

ရေသန့်လုပ်ငန်းများကို လုပ်ဆောင်နေတာကိုလည်း တွေ့ရပါတယ်။ ထို့အတူ မျိုးသန့်ထုတ်တဲ့ ခြံများကို မျိုးစေ့မျိုးသန့် ထုတ်မယ်ဆိုပေမယ့် သူတို့ထုတ်တဲ့ မျိုးစေ့များဟာ ဘယ်လောက်သန့်စင်မှုရှိတယ်။ ဘယ်လောက် အရည်အချင်းကောင်းတယ် ဆိုတဲ့ အာမခံချက်များ ပေး/မပေးလည်း မသိရပါဘူး။ တောင်သူများကို ချိုသာတဲ့ဈေးနှုန်းနဲ့ ရောင်းမယ်ဆိုတာလည်း မသိရပါဘူး။ အဲဒါကြောင့်မို့လို့ ရွေးကောက်ပွဲ ပြီးတဲ့နောက်ပိုင်းမှာ ဆောင်ရွက်နေတဲ့ နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်လုပ်ငန်းများကို အလျင်စလို ငှားရမ်း လွှဲပြောင်းရောင်းချနေတဲ့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက လုပ်ရပ်များကို တားဆီးပေးဖို့ အတွက် အလျင်အမြန်လိုအပ် နေပါတယ်။ ထို့အတူ ကျူးကျော်များရဲ့ကိစ္စကိုလည်း အနည်းငယ်ရှင်းပြလိုပါတယ်။ ကျူးကျော်များထဲမှာ အဓမ္မလယ်ယာ သိမ်းဆည်းခံရမှုအတွက် လုပ်ကိုင်စရာမရှိလို့ နီးစပ်ရာ မြို့ကြီးများကိုတက်ပြီး ရရာအလုပ်ကိုရှာပြီး လုပ်နေကြတာတဲ့ ကျူးကျော်သူများရှိပါတယ်။ အဲ့ဒီ ကျူးကျော်သူများဟာ ရရာနေရာမှာပဲ ကျူးကျော်အဖြစ်နဲ့ နေကြရပါတယ်။ ဒီလူများအတွက် နေရာ အမှုများကို မှန်ကန်စွာ ဖြေရှင်းပေးခြင်းဖြင့် ကျူးကျော်မှုများကို ပပျောက်စေမယ်လို့လည်း ကျွန်တော် အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရှုထောင့်ကကြည့်ပြီးတော့ နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အလျင်စလို ငှားရမ်းလွှဲပြောင်းမှု ကိစ္စများ၊ ကျူးကျော်မှုများကို အဓမ္မဖယ်ရှားမှုလုပ်ငန်းများကို အသေးစိတ် စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန်ဆိုတဲ့ ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလှိုင်ရဲ့ အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ဧရာဝတီ တိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာဖြစ်ပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းခဲ့တဲ့

နိုင်ငံတော်အစိုးရ ရွေးကောက်ပွဲပြီး နောက်ပိုင်းဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချ လွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု များကို နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်း တည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ထောက်ခံ ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အဆိုရဲ့ အချက်တစ်ချက်ဖြစ်တဲ့ ကျူးကျော်ပြဿနာဟာ ကျွန်မတို့ ဇေယျာဝတီတိုင်းဒေသကြီးနဲ့ တစ်စိတ်တစ်ပိုင်း ပတ်သက်နေတဲ့အတွက် တင်ပြဆွေးနွေးလိုပါတယ်။ ကျူးကျော်လို့ ဆိုလိုက်တာနဲ့ ရန်ကုန်မြို့ကြီးကိုပဲ ပြေးမြင်မိကြမှာ မလွဲပါဘူး။ ရန်ကုန်မြို့ဟာ ၁၉၉၀ ခုနှစ် ကျူးကျော်နေထိုင်သူ ၉၀၀၀ ကျော်သာရှိခဲ့ပြီး ၂၀၀၈ ခုနှစ် နောက်ပိုင်း ၂၀၁၅ မှာတော့ ၄၀၀၀၀ ကျော်အထိ ရှိလာတယ်လို့ဆိုပါတယ်။ အနယ်နယ် အရပ်ရပ်က လာရောက်အလုပ်လုပ်ကိုင်ရင်း၊ ရှာဖွေစားသောက်ရင်း၊ ကျူးကျော်နေထိုင်ကြသူတွေ ထဲမှာ ဇေယျာဝတီတိုင်းဒေသကြီးက လူတွေဟာ တစ်ဝက်နီးပါးလောက်ပါတယ်လို့ဆိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဇေယျာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးဟာ နယ်မြေချင်းထိစပ်နေတာက တစ်ပိုင်း၊ ၂၀၀၈ ခုနှစ်နောက်ပိုင်း နာဂစ်မုန်တိုင်း ဒဏ်ကြောင့် လယ်ယာမြေတွေဆုံးရှုံးတာတွေ၊ အိမ်ခြံမြေဆုံးရှုံးတာတွေ၊ မိမိပိုင်လယ်ယာမြေတွေကို တခြားနည်းလမ်းတွေနဲ့ ဆုံးရှုံးတာတွေကြောင့် လုပ်ကိုင်ရှားပါးမှုတွေကြောင့် ရန်ကုန်မြို့ကို ပြည်တွင်းရွှေ့ပြောင်းအလုပ်သမား ဘဝနဲ့ရောက်လာရင်း ကျူးကျော်ဖြစ်လာရသူတွေပဲ ဖြစ်ပါတယ်။ တကယ်တော့ ကျူးကျော်ပြဿနာဟာ အင်အားသုံးဖြေရှင်းရုံနဲ့ ပြေလည်သွားမယ့် ပြဿနာတစ်ရပ်လည်း မဟုတ်ပါဘူးရှင်။ အရင်းစစ်တော့ အမြစ်မြေကဆိုသလို ဆင်းရဲနွမ်းပါးမှုနဲ့ အလုပ်အကိုင် ရှားပါးမှုကို ပထမဖြေရှင်းနိုင်မှသာ ပြေလည် နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဇန်နဝါရီလ ၂၃ ရက်နေ့ ဒဂုံဆိပ်ကမ်းမြို့နယ်၊ လှိုင်သာယာမြို့နယ်နဲ့ ဇန်နဝါရီလ ၂၆ ရက်နေ့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်တွေမှာ အင်အားသုံးဖြေရှင်းတဲ့အတွက် ပြည်သူလူထုနဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေ တွေ့ကြုံခဲ့ရတာကိုလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျူးကျော်ပြဿနာလို့ ဆိုလိုက်တာနဲ့ ရန်ကုန်မြို့တစ်မြို့တည်းမဟုတ်ဘဲ မွန်ပြည်နယ်၊ ကျိုက်ထိုဝတက်ကွင်း ကျေးရွာမှာလည်း အိမ်ခြေ ၁၅၀ ခန့်ကို ဇန်နဝါရီလ ၃၀ ရက်နေ့ည ၁၀ နာရီလောက်က အင်အားသုံးဖျက်ဆီးခဲ့တဲ့အတွက် ဒေသခံ ပြည်သူလူထုနဲ့ ထိပ်တိုက်ရင်ဆိုင်ကြတာကိုလည်း ကျွန်မတို့သိရှိခဲ့ရပါတယ်။ တကယ်တော့ ကျူးကျော် ပြဿနာဟာ ယခင်နှစ်ပေါင်းများစွာ ကတည်းက ရှိလာခဲ့ပြီး စာနာစွာနဲ့မဖြေရှင်းဘဲ တာဝန်လွှဲပြောင်း ခါနီး အရေးကြီးအချိန်ကျမှ ဖြေရှင်းခြင်းဟာ တည်ငြိမ်အေးချမ်းမှုကို များစွာ အဟန့်အတားဖြစ် စေပါတယ်ရှင်။ ဒါ့အပြင် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အခုချိန်မှာ ရာသီဥတု ဖောက်ပြန်မှု ဒဏ်ကြောင့်၊ အယ်လ်နီညိုဒဏ်ကြောင့် သောက်သုံးရေးရှားပါးမှုကို လူတိုင်းကြုံတွေ့ရ နိုင်တယ်ဆိုပြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ ပညာရှင်တွေရော၊ အစိုးရဌာနအသီးသီးရော အရေးတကြီး လုပ်ကိုင်ဆောင်ရွက်နေကြပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆားခါးကျေးရွာမှာ ဖေဖော်ဝါရီလ ၅ ရက်နေ့က သောက်သုံးရေအဖြစ် အားထားနေရတဲ့ မြနန္ဒာကန်(ဒေသအခေါ်ကတော့ ဆားခါးကန်)ဟာ အိမ်ထောင်စု ၄၅၀ ကျော်ဟာ သောက်သုံးရေအဖြစ် အားထားနေရတာကို မြေလွတ်၊မြေလပ်၊ မြေရိုင်းဖော်ထုတ်ရေး စီမံကိန်းဆိုပြီးတော့ ရှိတဲ့ဧက ၁၃၀.၆၂ ဧကကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့စီမံမှုနဲ့ မြေယာဖော်ထုတ်မယ့်ကုမ္ပဏီကို ပေးလိုက်ပါတယ်။ ဒီကုမ္ပဏီက ကားကြီးတွေ၊ ဘတ်ဟိုးကြီးတွေ ရောက်လာတဲ့အတွက် ဒေသခံပြည်သူလူထုနဲ့ တားဆီးကန့်ကွက်မှုတွေ၊ ထိပ်တိုက် ရင်ဆိုင်မှုတွေ တွေ့ကြုံခဲ့ရတာတွေကိုလည်း အားလုံးသိပြီးဖြစ်ပါတယ်။ သောက်သုံးရေအတွက် ရတက်မအေးဖြစ်နေရချိန်မှာ ဒီလို အလျင်စလို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကြောင့် မလိုလားအပ်တဲ့ ပြဿနာတွေ၊ ပြည်သူတွေကြားမှာ ဖြစ်ပွားမှာ စိုးရိမ်ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်တင်ပြရမယ်ဆိုရင် အစိုးရအဟောင်းနှင့် အစိုးရအသစ်ကြား တာဝန်လွှဲပြောင်းခါနီးအချိန်မှာ တည်ငြိမ်အေးချမ်းရေး၊ တရား ဥပဒေစိုးမိုးမှုကို ထိခိုက်စေတဲ့ အင်အားသုံးဖြေရှင်းမှုတွေ၊ ပြည်သူလူထုနဲ့ ထိပ်တိုက်တွေ့ကြုံရင်ဆိုင် နိုင်စေတဲ့ အခြားအကြောင်းအရာတွေကို သေချာစိစစ်ပြီး

မေတ္တာရှေ့ထား ဆင်ခြင်ဉာဏ်တရားနဲ့ ဆောင်ရွက်ပါရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ဒေါ်ခင်စန်းလှိုင်တင်သွင်းတဲ့ ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးတင်ပြလိုပါ တယ်ရှင်။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ခညောင်း ကျပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တွံတေးမဲဆန္ဒနယ် ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပုလဲ မဲဆန္ဒနယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့ အရေးကြီး အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Liberal Democracy စနစ်မှာ နိုင်ငံတစ်ခုရဲ့ ပိုင်ရှင်အစစ်အမှန်ဟာ အဲဒီနိုင်ငံ အတွင်းမှာနေထိုင်တဲ့ ပြည်သူများဖြစ်ပြီး အစိုးရဆိုတာကတော့ ပြည်သူတွေက သူတို့ ပိုင်ဆိုင်တဲ့နယ်မြေတစ်ခုရဲ့ အရေးကိစ္စအဝဝကို စီမံခန့်ခွဲကိုင်တွယ်ဖြေရှင်းဖို့ နှစ်ကာလအတိုင်းအတာ တစ်ခုသတ်မှတ်ပြီး ငှားရမ်းတာဝန်ပေးအပ်ထားတဲ့ အခစားဝန်ထမ်း အဖွဲ့အစည်းတစ်ခုသာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ ပြည်သူနဲ့ အစိုးရကြား ဆက်သွယ် ချည်နှောင်ထားတဲ့ တစ်ချောင်းတည်း သောကြိုးကတော့ Credibility လို့ခေါ်တဲ့ ယုံကြည်အားထားလောက်ဖွယ်ရှိမှုဖြစ်ပါတယ်။ အဲဒီအရာ မရှိတော့ဘူး၊ အဲဒီကြိုးပြတ်သွားပြီ ဆိုတာနဲ့ပဲ အစိုးရဟာအာဏာကို ဆက်လက်ကိုင်စွဲထားသည့်တိုင် ဒီမိုကရေစီအစိုးရ မဟုတ်တော့ပါဘူး။ ပြည်သူ့အစိုးရမဟုတ်တော့ပါဘူး။ ဒီမိုကရေစီစနစ်မှာ အစိုးရ တွေဟာ ပြည်သူတွေရဲ့ယုံကြည်အားထား လောက်ဖွယ်ရှိမှုဆိုတဲ့ ပဓာနတန်ဖိုး မိမိတို့ထံမှာရှိကြောင်း တာဝန်သိမှု(Responsibility)၊ တာဝန်ခံမှု (Accountability)၊ ပွင့်လင်းမြင်သာမှု (Transparency) တို့ကတစ်ဆင့် ပြသလေ့ရကြပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမှတစ်ဆင့် ပြသခဲ့တဲ့ ပြည်သူ တွေရဲ့ဆန္ဒကို အကောင်အထည်ဖော်တဲ့အနေနဲ့ ရွေးကောက်ခံအစိုးရတစ်ခုလက်ကနေ ရွေးကောက်ခံ အခြားအစိုးရတစ်ခုလက်သို့ အာဏာလွှဲပြောင်းဖို့ ပြင်ဆင်နေတဲ့ကာလဖြစ်ပါတယ်။ အဲဒီလုပ်ငန်း စဉ်ဟာ ကျွန်တော်တို့နိုင်ငံအတွက် ပထမဆုံးအတွေ့အကြုံဖြစ်ပြီး အင်မတန်မှ နူးညံ့သိမ်မွေ့လှ တဲ့အတွက် နှစ်ဖက်ခေါင်းဆောင်များဖြစ်ကြတဲ့ သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ရွေးကောက်ပွဲအနိုင်ရ ပါတီဥက္ကဋ္ဌတို့ဟာ အဲဒီလုပ်ငန်းစဉ် သိမ်မွေ့ညင်သာစွာ ပြီးစီးသွားစေဖို့ ညှိညှိနှိုင်းနှိုင်း ချင့်ချင့်ချိန်ချိန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ မြန်မာပြည်သူလူထု ကြီးသာမက ကမ္ဘာ့ပြည်သူတစ်ရပ်လုံးကပါ ကမ္ဘာကြီးအတွက် စံနမူနာကောင်းတစ်ခု ဖြစ်လာဖွယ်ရှိနေတဲ့ ဒီဖြစ်စဉ်ကို စိတ်ဝင်တစား စောင့်ကြည့် အကဲခတ်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေါင်းဆောင်တွေက အဲဒီလို အလုပ်ရှုပ်နေကြတဲ့အချိန်မှာ အစိုးရဝန်ကြီးဌာန အချို့ဟာ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် အဆိုထဲက လုပ်ရပ်မျိုးတွေ ကသောကမျောလုပ်ဆောင်နေကြတာတွေကို မြင်တွေ့ကြားသိ နေရတာဟာ နိုင်ငံ အတွက်ရင်လေးဖွယ် ကောင်းလှပါတယ်။ ဒီလုပ်ရပ်တွေ မြင်တွေ့ကြားသိ ဖတ်ရှုရတဲ့အခါ ကျွန်တော်တို့ငယ်ငယ်က ကြည့်ခဲ့ရဖူးတဲ့ ဖက်စစ်တော်လှန်ရေး ရုပ်ရှင်ဇာတ်ကားတွေထဲက မြင်ကွင်းတစ်ခုကို သွားသတိရမိပါတယ်။ မြန်မာ့လွတ်လပ်ရေး တပ်မတော်သားတွေနဲ့ ပြောက်ကျားတပ်သားတွေ ရွာကိုဝင်စီးတော့ ရွာကို ဗိုလ်ကျစိုးမိုးထားတဲ့ ဖက်ဆစ်ဂျပန်တပ်ဖွဲ့တွေဟာ ရွာသားတွေပိုင်တဲ့ ဝက်၊ ကြက်၊ ဘဲ၊ ကျွဲ၊ နွား၊ ဆိတ်တွေ၊ အဖိုးတန် ပစ္စည်းတွေကို ရသမျှဆွဲပြီး ရွာထဲက ဒရောသောပါး ဆုတ်ခွာထွက်ပြေးတဲ့ မြင်ကွင်းဖြစ်ပါတယ်။ ပြီးတော့ ငါးနှစ်လုံးလုံး မတို့မထိသလောက်နီးပါး ပြစ်ထားခဲ့တဲ့ ကျူးကျော်ပြဿနာတွေကို အခုရက်ပိုင်း အတွင်းကျမှ ဒလကြမ်းအင်အားသုံး ကိုင်တွယ် ဖြေရှင်းနေတာတွေကို တွေ့ရတာကလည်း စစ်ရုပ်ရှင်ကားတွေမှာ ဆုတ်ခွာသွားတဲ့စစ်တပ်က နောက်လာမယ့်

စစ်တပ်ဒုက္ခတွေ့အောင် ရွာထဲမှာ မြေမြှုပ်မိုင်းတွေ ချထားခဲ့တဲ့မြင်ကွင်းကို ပြန်ပြီး သတိရမိစေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာတော့ သက်တမ်းကုန်ဆုံးတော့မယ့်လွှတ်တော်နဲ့ အစိုးရကို ဘဲထော့ကျိုး(Lame duck)လို့ တင်စားသုံးနှုန်းကြပါတယ်။ အဲဒီလွှတ်တော်မျိုးတွေဟာ ဥပဒေပြုခြင်း လုပ်ငန်းကို ဆောင်ရွက်တာမျိုး မလုပ်ကြတော့ပါဘူး။ အဲဒီအစိုးရမျိုးတွေကလည်း ဘယ်လို လုပ်ငန်းကြီးတွေကိုမှ လုပ်ဆောင်ခြင်းမရှိကြတော့ပါဘူး။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကတော့ နောက်အစိုးရမှ လုပ်ရမှာဖြစ်တဲ့လုပ်ငန်းကြီးတွေကို အလျင်စလိုလုပ်နေပါတယ်။ နားမလည်နိုင်စရာ၊ သံသယဖြစ်စရာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနဲ့ တက်လာတဲ့ လွှတ်တော်နဲ့အစိုးရဟာ ဖက်ဒရယ်ဒီမိုကရက်တစ် မြန်မာနိုင်ငံတော်သစ် ထူထောင်တည်ဆောက်နိုင်ရေးအတွက် အုတ်မြစ်ချပေးခဲ့တဲ့ အဖွဲ့အစည်းများဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဟောင်း ဦးခင်အောင်မြင့်ရဲ့ နှုတ်ဆက်မိန့်ခွန်းထဲက လွမ်းနေမယ်နော် ဆိုတဲ့စကားကို ခေါင်းစဉ်အဖြစ် ငှားရမ်းအသုံးပြုပြီး ဒီလှိုင်းဂျာနယ်ထဲမှာ ဆောင်းပါးတစ်ပုဒ်နဲ့ ဂုဏ်ပြုရေးသားခဲ့သူဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနဲ့တက်လာတဲ့ အစိုးရရဲ့ ဂုဏ်ယူဖွယ် လုပ်ရပ်များအကြောင်းပဲ တစိမ့်စိမ့်တွေးပြီး အဲဒီ အစိုးရကို အမြဲလွမ်းနေချင်သူဖြစ်ပါတယ်။ မြန်မာပြည်သူများကလည်း ကျွန်တော့်လိုပဲ လွမ်းစရာရှိရင် နာစရာနဲ့ ဖျောက်ချင်ကြသူများ မဟုတ်ဘဲ နာစရာရှိရင် လွမ်းစရာနဲ့ဖြေချင်ကြတဲ့ သူများသာဖြစ်တာကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အထူးသဖြင့် အခုလိုနောက်ဆုံးအချိန်မှာ ပြည်သူတွေအတွက် နာစရာတွေ မချန်ခဲ့ဘဲ လွမ်းစရာတွေသာ ချန်ခဲ့ပါလို့ မေတ္တာရပ်ခံပန်ကြားရင်း ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေး လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပုလဲမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်တင်သွင်းသွားသော အရေးကြီးအဆိုဖြစ်သည့် နိုင်ငံတော် အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်းဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ စီးပွားရေးလုပ်ငန်းများ အလျင်စလိုငှားရမ်းလွှဲပြောင်းနေမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်မှုများကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သလို ဆောင်ရွက်နေမှုများ သဘောတူညီညှိနှိုင်းမှုများ မပြုလုပ်ဘဲ အစိုးရ တာဝန်မလွှဲပြောင်းမီ အလျင်အမြန်စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် အသေးစိတ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုသည် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ တာဝန်ဖြစ်တဲ့ ဥပဒေပြု ရေး၊ ထိန်းကျောင်းတည့်မတ်ရေးနှင့် မိမိဒေသဖွံ့ဖြိုးရေးဟူသောအချက်များတွင် ထိန်းကျောင်း တည့်မတ်ရေးအဆိုဖြစ်၍ ကြိုဆိုလက်ခံပါကြောင်း ဦးစွာပဏာမ ပြောကြားလိုပါတယ်။ အဆိုရှင် တင်ပြချက်များသည် (က) ရေရှည်စီမံကိန်း သို့မဟုတ် ယခင်ဆောင်ရွက် နေမှုများကို ဆက်လက် ဆောင်ရွက်နေခြင်းလား။ (ခ) ပြည်ထောင်စုအစိုးရ အဖွဲ့က ဆောင်ရွက်ခြင်းလား သို့မဟုတ် ပြည်နယ် နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်နေခြင်းလား။ (ဂ) တင်ဒါအဖြစ် ဆောင်ရွက်ရသော ကိစ္စများဖြစ်ပါက ရွေးကောက်ပွဲမတိုင်မီက တင်ဒါခေါ်ထားခြင်းကို ဆက်လက်ဆောင်ရွက်နေခြင်းလား စသည်ဖြင့် ကွဲကွဲပြားပြားသိပါမှ ဤလွှတ်တော်အနေဖြင့် လေးနက်စွာ အကြံပြုဆွေးနွေးနိုင်မည် ဖြစ်ကြောင်း ကျွန်တော့်အမြင်ကို တင်ပြလိုပါတယ်။

နောက်တစ်ချက်အနေနဲ့ လွှတ်တော်၏ထိန်းကျောင်းတည့်မတ်ရေးတာဝန်သည် အစိုးရ၏ အုပ်ချုပ်ရေးအခွင့်အာဏာကို စွက်ဖက်မှုများရှိ/မရှိကိုလည်း သတိပြုရန်လိုပါသည်။ လွှတ်တော်၏ ထိန်းကျောင်း တည့်မတ်ရေးတာဝန်ဘောင်အတွင်းက ဆောင်ရွက်ခဲ့လျှင် လွှတ်တော်၏ဂုဏ်သိက္ခာ တက်လာသော်လည်း ဘောင်ကိုကျော်လွန်မိပါက လွှတ်တော်၏

ဂုဏ်သိက္ခာကို ထိပါးနိုင်သဖြင့် သတိပြုသုံးစွဲသင့်ပါသည်ဟု မြင်မိပါသည်။ လွှတ်တော်၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်၍ အစိုးရအဖွဲ့၏အုပ်ချုပ်မှုအခွင့်အာဏာ အားနည်းချက်ရှိပါက ဥပဒေပြု၍ထိန်းကျောင်းခြင်းဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း ကျွန်တော့်အမြင်ကို တင်ပြလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှသည် ကျွန်တော်တို့ရဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သို့ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် လက်ဆင့် ကမ်းခဲ့သည်ကို အားလုံးတွေ့မြင်ပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ပင် ပြည်သူတို့၏ဆန္ဒနှင့်အညီ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ပေါ်ပေါက်လာမည့် အစိုးရသစ်ဆီသို့ အောင်မြင်စွာလွှဲပြောင်းနိုင်ရေးကို ဦးတည်ဆောင်ရွက်ရေးသည် ယနေ့အခါတွင် အဓိကအရေးကြီးဆုံးအချက်ဖြစ်ပါသည်။ ထိုသို့ ပြောင်းလဲရာတွင်လည်း အစိုးရသစ်၏ ရင်ကြားစေ့ရေး၊ စေ့စပ်ညှိနှိုင်းရေး၊ ပူးပေါင်းဆောင်ရွက်ရေး မူဝါဒများကို ဝိုင်းဝန်းပံ့ပိုးရန်ဖြစ်ပါတယ်။ ယနေ့အခြေအနေသည် ထိုအခြေအနေများကို ထိခိုက် မခံနိုင်သည့် အခြေအနေဖြစ်၍ ပွတ်တိုက်ပွန်းပဲ့မည့်ဖြစ်စဉ်များ မရှိသင့်ပါ။ အသွင်ကူးပြောင်းရေး ကာလတွင် ပါတီမတူသော အစိုးရအဖွဲ့မှ နောက်တစ်ဖွဲ့သို့ ပထမအကြိမ် လက်လဲရာတွင် ဘဝင် မကျစရာများရှိနေမှာ သဘာဝကျ၍ ကျွန်တော့်အနေဖြင့် လုံးဝလက်ခံပါသည်။ သဘာဝမကျသည်ဆို၍ အစိုးရအဖွဲ့၏ ဥပဒေလမ်းကြောင်းမှ သွေဖီသော ဆောင်ရွက်ချက်များကို ခွင့်ပြုရန်ဆိုလိုခြင်း မဟုတ်ပါ။ ယနေ့ခေတ်သည် ပွင့်လင်းမြင်သာ သောခေတ်ဖြစ်၍ ဖုံးဖိလုပ်ဆောင်ရန်လည်း မဖြစ်နိုင်ပါ။ ယနေ့ လွှတ်တော်ထဲတွင် ပွင့်လင်းမြင်သာစွာ ဆွေးနွေးနေကြပြီဖြစ်ပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏ ဖော်ပြထားသော အထက်ပါလုပ်ငန်းများသည် လက်ရှိ အစိုးရ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နေခြင်းမရှိလျှင် အာဏာလွှဲပြောင်းရေး လုပ်ငန်းစဉ် ချောမွေ့စွာဆောင်ရွက်ရေးနှင့် ပြည်သူ့အကျိုးတို့ကို မထိခိုက်စေမည့် ဆောင်ရွက်နိုင် သောနည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ များစွာရှိပါသည်။ ယခုအခါတွင်

အစိုးရလွှဲပြောင်းရေး ကော်မတီအဖြစ် အဆိုပါ နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါသည်။

သို့ပါ၍ အဆိုရှင် ဒေါ်ခင်စန်းလှိုင်၏ အဆိုတွင်ပါရှိသော လက်ရှိအစိုးရ၏ ဆောင်ရွက်ချက်များ သည် အစိုးရလွှဲပြောင်းရေးကော်မတီကသာ စနစ်တကျ စိစစ်၍ ဆောင်ရွက်သင့်သော လုပ်ငန်းများ ဖြစ်ပါကြောင်းနှင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်၏ ကောင်းမြတ်သောတာဝန်ဖြစ်သည့် မူဘောင် အတွင်းမှ တည့်မတ်ထိန်းကျောင်းရေးကို ဆက်လက်ထိန်းသိမ်းသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါသည်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် တင်သွင်းတဲ့ အရေးကြီးအဆိုနဲ့ ပတ်သက်ပြီး အချက်အလက်တချို့ကို ထောက်ပြပြီးတော့ ဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။ လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ရဲ့ အဓိကတာဝန်ဟာ ရှေ့ကဒေါက်တာမောင်သင်း ပြောသလိုပါပဲ ဥပဒေ ပြုရေးတာဝန် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အပြန်အလှန်ထိန်းကျောင်းခြင်း ဖြစ်ပါတယ်။ အပြန်အလှန်ထိန်းကျောင်းတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ၊ တည်ဆဲဥပဒေနဲ့အညီ ကျွန်တော်တို့ ထိန်းကျောင်းရမှာ ဖြစ်ပါတယ်။ အဆိုရှင်က ဥပမာပေးသွားတဲ့ ကိစ္စရပ်စီမံကိန်း တော်တော်များများနဲ့ ပတ်သက်ပြီးတော့ အခြေခံဥပဒေနဲ့ညီညွတ်ခြင်း ရှိ/မရှိ၊ တည်ဆဲဥပဒေနဲ့ညီညွတ်ခြင်း ရှိ/မရှိ၊ သက်ဆိုင်ရာနည်းဥပဒေနဲ့လုပ်ထုံးလုပ်နည်းတွေနှင့် ညီညွတ်ခြင်း ရှိ/မရှိ၊ ဆောင်ရွက်ထားခြင်း ရှိ/မရှိ ကို သေချာစွာလေ့လာစောင့်ကြည့်ပြီးမှ အဆိုတင်သွင်းမယ်ဆိုရင် ပိုမိုပြီးသင့်လျော်မယ်လို့ ယူဆပါတယ်။ အဆိုရှင်ဆွေးနွေးသွားတဲ့ အချက်တွေထဲမှာ ကြည့်မယ်ဆိုလို့ရှိရင် တိတိကျကျ Information ပြည့်ပြည့်စုံစုံရရှိဖို့

လိုအပ်မှာဖြစ်ပါတယ်။ တင်ပြတဲ့ Issue တွေနဲ့ပတ်သက်ရင်လည်း ထဲထဲဝင်ဝင် လေ့လာသုံးသပ်မှုတွေ Research သုတေသနပြုလုပ်မှုတွေ လုပ်ပြီးမှ ဒီလိုအရေးကြီးအဆို တင်သွင်းဖို့ လိုအပ်မယ်လို့ ယူဆပါတယ်။ အရေးကြီးအဆိုဆိုတာဟာ နိုင်ငံနှင့် နိုင်ငံသားများအကျိုးအတွက် လွှတ်တော်မှာတင်ပြဖို့မရှိတဲ့အခြေအနေ၊ အချိန်နည်းနေတဲ့ အချိန်မှ အရေးကြီးအဆို တင်သွင်း ရတဲ့အဆိုမျိုး ဖြစ်ပါတယ်။ လက်ရှိအဆိုတင်သွင်းခြင်းဟာ ကျွန်တော်တို့လွှတ်တော်အသစ် ပေါ်ပေါက် လာသော်လည်းပဲ ပြည်ထောင်စုအစိုးရအသစ် မရှိသေးပါဘူး။ မပေါ်ပေါက်သေးပါဘူး။ လက်ပြောင်း လက်လွှဲယူမယ့် အစိုးရအသစ် မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအဆိုတင်သွင်းခြင်း ကိစ္စနဲ့ပတ်သက်လို့ရှိရင် ဥပဒေပြုရေးတာဝန်ကိုယူထားတဲ့ လွှတ်တော်အနေနဲ့ သတိရှိရှိ ထားပြီးတော့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆောင်ရွက်ဖို့ အရေးကြီးတယ်ဆိုတာကို ပထမ တင်ပြလိုပါတယ်။ အဆိုရှင်ဆွေးနွေးသွားတဲ့ ဥပမာပေးတဲ့ ဆွေးနွေးချက်နှစ်ချက်နဲ့ ပတ်သက်ပြီး ထောက်ပြတင်ပြလိုတာကတော့ ရပ်ဆိုင်းခဲ့တဲ့ Dagon City စီမံကိန်းကို ကမ္ဘာအေးဘုရားလမ်း ပေါ်မှာရှိတဲ့ မြေဧက ၁၇.၄ ဧက ကျယ်ဝန်းသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပိုင် မြေကွက်ပေါ်မှာ အစားထိုးပေးခဲ့ကြောင်း ထောက်ပြ သွားပါတယ်။ အဲဒီကိစ္စနဲ့ကြည့်မယ်ဆိုလို့ရှိရင် ဘယ်လိုအကျိုး ကြောင်းကြောင့် ဒီလိုဖြစ်ရသလဲ၊ ဘယ်လိုတည်ဆဲဥပဒေ၊ ဘယ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းဥပဒေကို ချိုးဖောက်သလဲဆိုတာနဲ့ ပတ်သက်လို့ကတော့ တင်ပြသွားခြင်းမရှိတာကို တွေ့ရ ပါတယ်။ အမှန်တော့ Dagon City စီမံကိန်းနဲ့ပတ်သက်ပြီး လေ့လာကြည့်မယ်ဆိုလို့ရှိရင် ရွှေတိဂုံ ဘုရားအနီးမှာ တည်ရှိတဲ့အတွက် ရဟန်းရှင်လူ၊ ပြည်သူများ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာ တွေကနေ ပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲမှာ ဆွေးနွေးပြီးမှ စနစ်တကျကန့်ကွက်ခဲ့လို့ ဒီလုပ်ငန်း စီမံကိန်းကြီးကို ရွှေ့ဆိုင်းရခြင်းဖြစ်ပါတယ်။ ရွှေ့ပြောင်းရခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့ရွှေ့ပြောင်းရ သလဲဆိုလို့ရှိရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ စီမံကိန်းဟာ ရွှေတိဂုံဘုရားကို ထိခိုက် ခြင်း ရှိ/မရှိ လေ့လာသုံးသပ်တဲ့အခါမှာ ထိခိုက်ခြင်းမရှိကြောင်း အာမခံချက်ပေးနိုင်သော်လည်းပဲ

အများပြည်သူရဲ့ အထွင့်အမြတ်ထားတဲ့ ရွှေတိဂုံဘုရားကို အထိအခိုက်မခံနိုင်လို့ ရှောင်ရှားလိုတဲ့ အနေနဲ့ ရွှေတိဂုံဘုရားအနီးကနေပြီးတော့ တည်ဆောက်ခြင်းမပြုဘဲ ရပ်ဆိုင်းခဲ့ပြီးတော့ စီမံကိန်းကြီး ကို ရွှေ့ပြောင်းခဲ့တာ ကျွန်တော်တို့တွေ့ရတယ်။ ဒါဟာဖြင့်ရင် အစိုးရအနေနဲ့လည်း အဆင်ပြေတယ်။ လုပ်ငန်းရှင်အနေနဲ့လည်း အဆင်ပြေခဲ့တယ်။ ရဟန်းရှင်လူ ပြည်သူများအနေနဲ့လည်း လုံးဝကျေနပ်မှုရအောင် ပြေပြေလည်လည် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ လုပ်ငန်းကြီးတစ်ခု ဖြစ်တယ်။ ဒါနဲ့ပတ်သက်လို့ ဥပမာပေးမယ်ဆိုလို့ရှိရင် ဒါဟာ မသင့်လျော်တဲ့ဥပမာလို့ ယူဆမိပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ လှိုင်းနှုန်းအစီအစဉ်နဲ့ ပတ်သက်ပြီး နိုင်ငံပိုင်သယံဇာတများကို အလျင်အမြန် လေလံတင် ရောင်းချနေတယ်ဆိုတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စကို ဆက်သွယ်ရေးဝန်ကြီးဌာနဆီမှာ စုံစမ်းကြည့်တဲ့ အခါမှာ Process ဟာ မူလကတည်းက ဆောင်ရွက်ထားပြီး မတ်လအတွင်းမှာ တင်ဒါဖွင့်လှစ်မယ် ဆိုတာသိရလို့ တင်ဒါဖွင့်ခြင်းကို ကန့်ကွက်လိုတဲ့အတွက် အဆိုတင်တယ်လို့ ယူဆမိပါတယ်။ ဒီလိုကြိုတင်တားမြစ်တဲ့သဘောဟာ ကျွန်တော်တို့ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ မိုဘိုင်း ဖုန်းတင်ဒါဖွင့်လှစ်မယ့်အချိန်မှာ ဥပဒေစည်းမျဉ်း၊ စည်းကမ်းတွေ ခိုင်ခိုင်မာမာမရှိသေးတဲ့အတွက် မပြုလုပ်သင့်ကြောင်း အရေးကြီးအဆို တင်သွင်းခဲ့တဲ့ကိစ္စနဲ့ နမူနာတူတာကို တွေ့ရှိရပါတယ်။ အဲဒီ အချိန်တုန်းက အစိုးရအနေနဲ့ လုပ်ထုံးလုပ်နည်းဥပဒေနဲ့အညီ ဆောင်ရွက်တာဖြစ်တဲ့အတွက် လက်ရှိ ကျေးလက်၊ တောရွာနေပြည်သူများပါမကျန် အားလုံးဟာ ဆက်သွယ်ရေးမိုဘိုင်းဖုန်း ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုနိုင်ပြီး လူမှုဘဝစီးပွားတိုးတက်နေတာကို တွေ့ရပါတယ်။ ဒီဟာမှာ ကျွန်တော်တို့ အဆိုတင်သွင်းသော်လည်း လက်ရှိဖုန်းအသုံးပြုမှုကို မည်သူများလုပ်ကိုင်တယ်ဆိုတာ ဖော်ပြတာတော့ မရှိပါဘူး။ ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ တော်တော်များများချပေးထားတာ ရှိပါတယ်။ အကယ်၍ ဒီလုပ်ငန်းတွေကို မချပေးဘူးဆိုရင် ယခင်ရရှိပြီးသားကုမ္ပဏီများက လက်ဝါးကြီးအုပ်ထားတာကို အားပေးသကဲ့သို့ဖြစ်နေပြီး လုပ်ငန်းနယ်ပယ်တစ်ခုမှာ လုပ်ငန်းရရှိထားသူနဲ့ အကျိုးစီးပွား ဆက်စပ်နေ တယ်လို့ အများပြည်သူရဲ့အမြင်မှာ ဖြစ်လာနိုင်တယ်။ ရှင်းရှင်းပြောရင် ကျွန်တော်တို့က ကုမ္ပဏီနဲ့ ပေါင်းထားနေတယ်လို့

အထင်ခံရနိုင်ပါတယ်လို့ ဆိုလိုတဲ့သဘောပါ။ ဒါကြောင့်မို့လို့ အဆိုရှင် ဒေါ်ခင်စန်းလှိုင်ရဲ့ အရေးကြီးအဆိုနဲ့ပတ်သက်ပြီး အကြောင်းအရာဟာ တိကျခိုင်မာမှု၊ သတင်းအချက် အလက်များ ရယူရန်လိုအပ်သေးတယ်လို့ ယူဆပါတယ်။ ပြည့်စုံခိုင်မာမှုရှိဘဲ နိုင်ငံတော်အုပ်ချုပ်ရေး လတာဝန်များကို ဆောင်ရွက်နေတဲ့ အစိုးရရဲ့လုပ်ငန်းစဉ်ကို ဝင်ရောက်ကြားဝင်စွက်ဖက်၊ နှောက်ယှက် တဲ့သဘောမရောက်အောင်လည်း အထူးသတိပြုဖို့လိုအပ်ကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်တင်သွင်းတဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ စဉ်းစား ဆုံးဖြတ်နိုင်အောင် အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့က ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံအထွေထွေ ရွေးကောက်ပွဲရလဒ်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသူများ ဖြစ်ကြပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ စတင်ကျင်းပခဲ့ရာ ယခုဆိုရင် (၁၃) ရက်မြောက် အစည်းအဝေးအဖြစ် ကျင်းပနိုင်ပြီး ဖြစ်ပါတယ်။ ပထမအကြိမ်လွှတ်တော် ခေါင်းဆောင်များနှင့် ဒုတိယအကြိမ် လွှတ်တော်ခေါင်းဆောင် များ အေးအေးချမ်းချမ်းနှင့် စနစ်တကျ လွှဲပြောင်းလုပ်ကိုင်နိုင်တာကိုလည်း ကိုယ်စားလှယ်များရော ပြည်သူအားလုံးပါ တွေ့မြင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါဟာ ပျော်ရွှင်ကြည်နူးစရာလည်း ဖြစ်ပါတယ်။ သမိုင်းမှတ်တမ်းဝင်တစ်ခုလည်း ကျန်ရစ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ၂၀၁၀ ခုနှစ် ပြည်ထောင်စုအစိုးရနှင့် ၂၀၁၆ ခုနှစ် ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရကို စနစ်တကျလွှဲပြောင်းလက်ခံနိုင်အောင် ဆောင်ရွက် ကြတဲ့ ကြားသိနေအောင်ပြောရမယ်ဆိုလို့ရှိရင် နိုင်ငံတော်အကြီးအကဲတာဝန် စနစ်တကျလွှဲပြောင်း လက်ခံ နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ၁၇-၁၂-၂၀၁၅ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးစီးပြီး လက်ရှိအစိုးရအဖွဲ့နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များ စတင်ကျင်းပ ဆွေးနွေးခဲ့တာ တွေ့ရပါတယ်။ လက်ရှိအစိုးရအနေနဲ့ နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းမှု အထောက်အကူပြု ကော်မတီကို ပြည်ထောင်စု ဝန်ကြီးများနှင့် ဖွဲ့စည်းပြီး လက်ရှိအနိုင်ရပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က အသွင်ကူးပြောင်းရေးအဖွဲ့နှင့် ၂၃-၁၂-၂၀၁၅ ရက်နေ့မှာ တစ်ကြိမ်၊ ၂၄-၂-၂၀၁၆ ရက်နေ့မှာ တစ်ကြိမ် ဆောင်ရွက်တာကိုလည်း အားရဖွယ်ရာ တွေ့ရှိရပါတယ်။ နှစ်ဖက်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများကလည်း အကောင်းဆုံးလွှဲပြောင်းနိုင်အောင် ဆောင်ရွက် ကြမယ်လို့လည်း ကျွန်တော်တို့ အနေနဲ့လည်း မျှော်လင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ လွှတ်တော်မှာ တင်သွင်းသွားခဲ့တဲ့အဆိုကို ကြည့်မယ်ဆိုလို့ရှိရင် လက်ရှိအစိုးရအား နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံ၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများကို အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှုစီမံကိန်းများ အဆောတလျင် ခွင့်ပြုနေမှု၊ ကျူးကျော်တဲမျာအခမ္မဖယ်ရှားမှု၊ နိုင်ငံသယံဇာတတွေကို မညှိနှိုင်းပဲစီမံခန့်ခွဲမှုပြုလုပ် နေကြောင်း ဖော်ပြပြီး ဒါတွေကို စိစစ်ဟန့်တားဖို့ တိုက်တွန်းနေတာကို တွေ့ရပါတယ်။ ဒါတွေဟာမှန်လား၊ မှားလား သေချာစွာစိစစ်တင်ပြသင့်တဲ့ကိစ္စရပ်ဖြစ်ပါတယ်။ အစိုးရတာဝန်လွှဲပြောင်းရမည့် သက်ဆိုင်ရာ တာဝန်ရှိအစိုးရ အဟောင်း၊ အသစ်တာဝန်ရှိသူများလုပ်ဆောင်ရမယ့်အပိုင်းသာ ဖြစ်ပါ တယ်။ ဒါကို ကျွန်တော်တို့ကို လွှတ်တော်က အဆိုတစ်ရပ်အနေနဲ့ အတည်ပြုတင်သွင်းလိုက်ခြင်း အားဖြင့် နှစ်ဖက်အဖွဲ့အစည်းများအား ကောင်းသောလွှဲပြောင်းခြင်းမဖြစ်ပဲ အမျိုးသားရင်ကြား ပိုမို ကွဲသွားတာမျိုး ဖြစ်လာနိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရတစ်ရပ်သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ စီမံကိန်းများ၊ လုပ်ငန်းများသည် နေ့ချင်းညချင်း စိတ်ထင်သလို ဆောင်ရွက်ရသည့်ကိစ္စမျိုးမဟုတ်ပဲ လုပ်ငန်းများကို အဆင့်ဆင့် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းများကို ထဲထဲဝင်ဝင်မဝင်ဘဲနဲ့ မသိဘဲနဲ့ ကိန်းဂဏန်းအချက်အလက်များ ပြည့်ပြည့်စုံစုံ မပါပဲ အထင်အမြင်အားဖြင့်၊ ဘေးကပြောသံကြားဖြင့် ပြောကြားခြင်းသည် ဖြစ်ရပ်မှန်နှင့် ကင်းကွာနေတတ်ပါသည်။ ယခုအချိန်မှာ အစိုးရအလွှဲအပြောင်းကာလဖြစ်သဖြင့် ဉာဏ်အမြော်အမြင်နှင့် မျှမျှ တတ ချင့်ချင့်ချိန်ချိန် ဆောင်ရွက်သွားဖို့ အထူးပဲလိုအပ်ပါတယ်။ အမြင်အားဖြင့်ပြောရရင် နှစ်ဖက် အမြင် မျှမျှတတမြင်ပြီးမှ တင်သွင်းသင့်ပါတယ်။ တစ်ဖက်သတ်အမြင်ဖြင့် ဆောင်ရွက်မှုများသည် အမျိုးသားပြန်လည်စည်းရုံးရေး၊ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူ့အကျိုးစီးပွားအတွက် ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းများကို များစွာအနှောင့်အယှက ဖြစ်သွားနိုင်တာဖြစ်သဖြင့် အဖက်ဖက်မှ မျှမျှတတ စဉ်းစားသုံးသပ်သင့်ကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြလိုတာက တော့ ထူးခြားတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ မရေရာမသေချာတဲ့ ကိုယ်နဲ့လက်လှမ်း မမီတဲ့ အကြောင်းအရာတွေကို သမိုင်းအမဲစက်မထင်အောင် ညင်သာချောမွေ့စွာကိုင်တွယ်ပြီး သက်ဆိုင်ရာလမ်းကြောင်း လုပ်ထုံးလုပ်နည်းများအတိုင်းသာ ဆောင်ရွက်စေပြီး ကျွန်တော်တို့အနေနဲ့ ဥပဒေပြုဖို့တာဝန် နဲ့ ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ရွက်သွားကြဖို့ တိုက်တွန်းလျက် ပုလဲမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် တင်သွင်းသောအဆိုကို ပါတီမိတ်ဆွေအနေနဲ့ သဘောထားပြီး အကြံပြုတင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာလိုက္ကစ္ဆာနှင့် ပြည့်ကာကြွယ်ဝ ချမ်းသာတော်မူကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဖြစ်ပါတယ်။ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ အရေးကြီးအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေဟာ ဒီနိုင်ငံရဲ့မူလ ပိုင်ရှင်ဖြစ်တဲ့ အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွား အတွက်သာ ဖြစ်ရပါမယ်။ လူတစ်စု၊ လူတစ်ဖွဲ့ရဲ့အကျိုးစီးပွားအတွက် မဖြစ်သင့်ပါဘူးခင်ဗျား။ ကမ္ဘာပေါ်မှာ သယံဇာတအလွန်ပေါကြွယ်ဝတဲ့ ကမ္ဘာ့အကောင်းဆုံး ပတ္တမြား၊ ကမ္ဘာ့အကောင်းဆုံး ကျောက်စိမ်း၊ ကမ္ဘာ့အကောင်းဆုံးကျွန်းသစ်၊ ဓာတ်သတ္တုပေါင်းစုံ၊ ရေချိုမြစ်၊ ချောင်း၊ လယ်ယာ၊ ဥယျာဉ်၊ ခြံမြေတွေပေါများတဲ့ ကျွန်တော်တို့ရဲ့နိုင်ငံဟာ လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာ ပါလီမန် ဒီမိုကရေစီခေတ်မှာ အရှေ့တောင်အာရှရဲ့ အချမ်းသာဆုံး၊ အဖွံ့ဖြိုးဆုံး၊ အတိုးတက်ဆုံးနိုင်ငံဘဝကနေပြီး တော့ ဒီနေ့ဒီအချိန်မှာတော့ အရှေ့တောင်အာရှရဲ့ အဆင်းရဲဆုံး၊ အမွဲဆုံး၊ ဖွံ့ဖြိုးမှုအနည်းဆုံးဘဝကို ကျရောက်ခဲ့ရတာဟာ စနစ်အလွဲတွေ၊ စီမံခန့်ခွဲမှုအလွဲတွေနဲ့ အဂတိတရားတွေကြောင့်ဖြစ်ပါတယ်။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားမှသည် ဗိုလ်ချုပ်အောင်ဆန်း၊ ကျွန်တော်တို့ ရဲ့ဘိုးဘေးတွေ အဆက်ဆက် အသက်သွေးတွေပေးဆပ်ပြီးတော့ ရယူခဲ့တဲ့ လွတ်လပ်ရေးနဲ့ ထိန်းသိမ်း အမွေပေးခဲ့တဲ့ ဒီရေ၊ ဒီမြေ၊ ဒီသယံဇာတတွေဟာ ကျွန်တော်တို့ရဲ့သားစဉ်မြေးဆက်၊ တီတွတ်ဆိုသလို နောင်လာနောက်သားတွေအတွက် အမွေကောင်းတွေ ထားရစ်ခဲ့ကြရမှာပါ။ နိုင်ငံရဲ့အသည်းနှလုံးလို့ ခေါ်ရမယ့် ဖားကန့်ရတနာမြေမှာ အစိုးရသစ်မတက်မီ စပ်ကူးမတ်ကူးကာလမှာ သားစဉ်မြေးဆက် သုံးဆောင်ခံစားရမယ့် ရတနာတွေကို တစ်ဖက်နိုင်ငံသား ကုမ္ပဏီကြီးတွေက အဆမတန်စက်ယန္တရား ကြီးတွေသုံးပြီး တောင်လိုက်ဖြို ယူနေကြတာတွေ၊ ပိုင်ရှင်အစစ်အမှန်ဖြစ်တဲ့ နိုင်ငံသားတွေကတော့ သူတို့စွန့်ပစ်တဲ့မြေစာပုံမှာ

အမှိုက်ပုံထဲအစာရှာရတဲ့ သတ္တဝါတွေလို ဆင်းရဲပင်ပန်းစွာ ရုန်းကန်ရင်းနဲ့ မြေစာပုံ အကြိမ်ကြိမ်ပြိုကျလို့ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြရတာတွေဟာ အလွန်ရင်နာစရာ ကောင်းလှပါတယ်။

ကြေးနီသာမက ရွှေ၊ ငွေ၊ ယူရေနီယံပါထွက်တယ်ဆိုတဲ့ ကြေးစင်တောင်၊ စံပယ်တောင်နဲ့ လက်ပံတောင်းတောင်တွေမှာလည်း ဒေသခံတောင်သူတွေရဲ့ လယ်ယာတွေ၊ သီးနှံတွေ၊ ဘဝတွေ ပေးဆပ်ခဲ့ကြရပြီး ယခုစာချုပ်မတိုင်ခင်က ကြေးနီသာမက။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်အောင်လွင် အဆိုနဲ့ပတ်သက်တဲ့အကြောင်းအရာပဲဆွေးနွေးပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ ဟုတ်ပါပြီခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ ယခုစာချုပ်မတိုင်ခင် ကြေးနီသယံဇာတထွက်သမျှရဲ့ ၅၀ ရာခိုင်နှုန်း ဝမ်ပေါင်ကုမ္ပဏီကခံစား ရပြီးတော့ ၄၀ ရာခိုင်နှုန်းကတော့ ဦးပိုင်ကုမ္ပဏီနဲ့ ၈ ရာခိုင်နှုန်းသာ နိုင်ငံတော်က အကျိုးခံစားရတယ် လို့ ကျွန်တော်တို့မှတ်သားရပါတယ်။ ကမ္ဘာကျော် အိုင်မင်ဟုတ်ကုမ္ပဏီရဲ့ သုတေသနပြုဆန်းစစ် ချက်အရ လက်ပံတောင်းတောင်ကထွက်ရှိတဲ့ ကြေးနီထဲက ရွှေတန်ချိန် ၆၀၀ ကျော်နဲ့ ငွေတန်ချိန် ၁၆၀၀ ကျော်ဟာ နိုင်ငံတော်ကမခံစားရဘူးလို့ ကျွန်တော်တို့မှတ်သားခဲ့ရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂစ်မုန်တိုင်းကြောင့် မိသားစု ဘဝတွေပျက်ခဲ့ရတဲ့ မြစ်ဝကျွန်းပေါ်က ကျွန်တော်တို့ညီအစ်ကိုတွေ၊ လယ်သိမ်းခံ၊ ယာသိမ်းခံ အတိဒုက္ခရောက်လို့ လုပ်ကိုင် စားသောက်စရာမရှိလို့ ရန်ကုန်မြို့မှာ ကြုံရာလုပ်ကိုင စားဖို့တက်လာတဲ့ နိုင်ငံအနှံ့က ကျွန်တော်တို့ရဲ့ သွေးချင်းတွေ နှစ်ပေါင်းများစွာနေလာတဲ့ ကိုယ့်ရေကိုယ့်မြေကို မနေ့တစ်နေ့ကမှ ရောက်လာတဲ့ ကုမ္ပဏီတွေက ကျူးကျော်ဆိုပြီးတော့ တရားစွဲခံရလို့ ကိုယ့်နိုင်ငံမှာ မြေတစ်လက်မမှမပိုင်သူတွေ စုဝေးနေတဲ့ ရွှံ့တော၊ ဗွက်တောက ဆင်းရဲစွာနေကြရတဲ့ ကျူးကျော်အမည်ခံ ကျွန်တော်တို့ရဲ့နိုင်ငံသား တွေကို ကလေးငယ်လေးတွေ စာမေးပွဲဖြေခါနီးမှာ ဘူဒိုဇာနဲ့အဖြိုခံရလို့ မျက်ရည်စက်လက်ခိုကိုး ရာမဲ့ဘဝတွေဟာ ရင်နင့်စရာမြင်ကွင်းတွေအဖြစ် ကျွန်တော်တို့ မီဒီယာတွေမှာ တွေ့နေကြရပါတယ်။ ဒါတွေဟာ အချိန်ပေး၊ နေရာပေး၊ အကူအညီပေးပြီးမှ

မူကြမ်း

ပြောင်းရွှေ့စေသင့်ကြောင်း အကြံပြုတိုက်တွန်း လိုပါတယ်ခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေ စေတုတ္တရာမြို့နယ်မှာဆိုရင်လည်း မုန်းတမံကြောင့် ရေအောက်ရောက်သွားတဲ့ ရွာပေါင်း ၁၃ ရွာနဲ့ လယ်၊ ယာ၊ ဥယျာဉ်ခြံမြေဧက ၇၀၀၀ ကျော်၊ ကြီးအုံးကြီးဝတမံကြောင့် နစ်မြုပ်ဆုံးရှုံးခဲ့ရတဲ့ ရွာပေါင်း ၁၈ ရွာနဲ့ လယ်၊ ယာ၊ ဥယျာဉ်ခြံမြေ ၄၀၀၀ ကျော်၊ ကပစ(၂၀) တပ်သိမ်းဧက ၆၀၀၀၀ ကျော်မှာပါဝင်တဲ့ တောသူတောင်သားတွေရဲ့ဘဝတွေဟာ အတော်ထိခိုက် နစ်နာဆုံးရှုံး ခဲ့ကြရပါတယ်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံသမိုင်းမှာ နှစ်ပေါင်း ၅၀ ကျော်အတွင်း မရှိခဲ့ဘူးတဲ့ အရေးအကြီးဆုံး ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အဖြစ် လက်ရှိအစိုးရမှာ။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်အောင်လွင် ခဏ၊ ခဏ။ ဘာပြောစရာရှိပါသလဲ။

**ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဟုတ်ကဲ့ခင်ဗျား။ အခု ဆွေးနွေးသွားတဲ့ လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဆွေးနွေးစရာ၊ ကန့်ကွက်စရာရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ အခုဆွေးနွေးချက်မှာ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၇ အရ ကျွန်တော်တို့ နည်းဥပဒေနဲ့ ကွဲလွဲနေတာဖြစ်တဲ့အတွက် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦးကနေ ကန့်ကွက်ပါတယ်။ ကန့်ကွက်ရတဲ့ အကြောင်းအရင်း ကတော့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ကျွန်တော်တို့ပထမအကြိမ် လွှတ်တော် သက်တမ်း ကာလအတွင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းစစ်ဆေးပြီး တော့မှ ကော်မရှင်ရဲ့ အကြံပြုချက် ၄၂ ချက်နဲ့အတူ ဆက်လက် ဆောင်ရွက်စေသင့်ကြောင်း တင်ပြချက်အရ နိုင်ငံတော်အစိုးရရဲ့ သဘော တူညီချက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စီမံကိန်းဖြစ်ပါတယ်။ ကော်မရှင်ရဲ့အကြံပြုချက် အတိုင်း အသစ်ပြန်လည်ချုပ်ဆိုတဲ့စာချုပ်မှာ နိုင်ငံတော်က ၅၁ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်နဲ့ မြန်မာဝမ်ပေါင်ကုမ္ပဏီက ၄၉ ရာခိုင်နှုန်း ရရှိမှာဖြစ်ပြီးတော့မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် ထုတ်လုပ်မှုကာလမှာ အသားတင်အမြတ်ရဲ့နှစ်ရာခိုင်နှုန်း စီမံကိန်းပိတ်သိမ်းချိန်မှာ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာနှစ်သန်း ထည့်ဝင်ရန်

လျာထားဆောင်ရွက်နေတဲ့ စီမံကိန်းလည်း ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အကြံပြုချက်များနှင့်အညီ မြေယာလျော်ကြေးငွေစုစုပေါင်း ကျပ်သန်း ပေါင်း ၁၂၀၉၃.၈သန်း၊ ကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများကို ငွေကျပ် ၇၃၆၄.၂၉ သိန်း၊ စာသင်ကျောင်း အဆောက်အဦများ အသစ်တည်ဆောက်ခြင်းအတွက် ငွေကျပ် ၁၉၁၅.၃၉ သိန်း၊ သောက်သုံးရေရရှိရေးအတွက် ငွေကျပ် ၂၄၃၉.၇၁ သိန်း၊ လမ်းဖောက်လုပ်ပေး ခြင်းအတွက် ငွေကျပ် ၁၁၂၀.၂၂ သိန်း၊ ကျေးရွာလူမှုအသင်းအဖွဲ့များအတွက် ငွေကျပ် ၁၉၅၉.၃၃ သိန်း၊ မြစ်ရေတင်မြောင်း တူးဖော်ခြင်းအတွက် ငွေကျပ် ၃၆၆၉.၇၈ သိန်း၊ ကျေးရွာများအတွင်း နယ်လှည့် ဆေးကုသပေးခြင်းအတွက် ငွေကျပ် ၂၈၈၂.၁ သိန်း၊ တိုက်နယ်ဆေးရုံများ တည်ဆောက် ပေးခြင်းအတွက် ငွေကျပ် ၄၂၅၀ သိန်း၊ မူကြိုကျောင်းများ တည်ဆောက်ပေးခြင်းအတွက် ငွေကျပ် ၁၃၀၀ သိန်း၊ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအတွက် ငွေကျပ် ၈၁၃.၅၀ သိန်းနဲ့ နှစ်ရှည် စိုက်ပျိုးပင်များအတွက် ၂၁၉၁.၀၆ သိန်း၊ ရေတွင်းများအတွက် ၂၇၉.၃၁ သိန်း စုစုပေါင်း ဒေသဖွံ့ဖြိုးရေးအတွက် ၃၀၁၈၂.၆၉ သိန်းအသုံးပြုခဲ့ပြီး မြေယာလျော်ကြေးအပါအဝင် ဒေသဖွံ့ဖြိုး ရေးအတွက် စုစုပေါင်း ၁၅၁၁၂.၀၆၉ သန်း သုံးစွဲခဲ့ပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ နောက် ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင်နဲ့ လူမှုစီးပွားဆိုင်ရာ။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ ဦးကျော်အောင်လွင် နိဂုံးချုပ်ပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ လက်ရှိအချိန်ဟာ မြန်မာနိုင်ငံသမိုင်းမှာ နှစ်ပေါင်း ၅၀ ကျော်အတွင်း မရှိခဲ့ဘူးတဲ့ အရေးကြီးဆုံး ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်အဖြစ် လက်ရှိအစိုးရမှာ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် ရွေးကောက်ပွဲ နိုင် NLD အစိုးရအား ချောမွေ့ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းပေးရေး သမိုင်းဝင်လုပ်ငန်းကြီး ဖော် ဆောင်နေပါတယ်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်နေ့ထုတ် The Voice Daily သတင်းစာမှာ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)။** ။ ဟုတ်ကဲ့ခင်ဗျား။ ဒါကြောင့် ရေပွက်ပမာ တစ်သက်လျာဆိုတဲ့ ကျွန်တော်တို့ရဲ့နိုင်ငံရေးစင်မြင့်ထက်ဘဝမှာ ကျွန်တော်တို့ မရှိတော့တဲ့အချိန်ဟာ သမိုင်းမှာ တင်ကျန်ရစ်ပါလိမ့်မယ်။ ဒါကြောင့် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ ကျုပ်တို့တွေဟာ ရာဇဝင်မှာမှတ်ကျောက်တင် ခံရမယ့် သူတွေလား။ ရာဇဝင်မှာအဆဲခံရမယ့်သူတွေ လားဆိုတာ အမှတ်ရမိရင်းနဲ့ ဒေါ်ခင်စန်းလှိုင်ရဲ့ အဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီဝင် ဒေါက်တာ သန်းအောင်စိုးဖြစ်ပါတယ်။ ပုလဲမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ ပြည်သူတွေဟာ လွတ်လပ်ရေးရပြီးသည် မှစ၍ အစိုးရအဆက်ဆက်ပြောင်းလဲခဲ့တာကို တွေ့ကြုံခံစား ခဲ့ကြရပါတယ်။ ဒီ ၂၀၁၆ ခုနှစ်ဟာဆိုလို့ရှိရင် အရင်ကနဲ့မတူဘဲ အနိုင်ရဒီမိုကရေစီ အစိုးရတစ်ရပ်ကို တာဝန်လွှဲပြောင်း ပေးမယ့် သမိုင်းဝင်နှစ်လည်းဖြစ်ပါတယ်။ ဌာနတစ်ခုကတစ်ခု၊ လုပ်ငန်းတစ်ခုကတစ်ခု ပြောင်းလဲရတာ ပင်မလွယ်ကူပါ။ နိုင်ငံတော်နှင့်ချီရင် ပိုပြီးတော့ တာဝန်ကြီးလေးမှာဖြစ်ကြောင်း အားလုံးတွက်ဆ ပြီးဖြစ်ပါတယ်။ ပြောင်းခါနီးမှာ အဆင်ပြေ စိတ်အေးချမ်းသာပြောင်းဖို့အတွက် နိုင်ငံအလိုက် ကြိုတင်အချိန်ယူ ဆောင်ရွက်ကြရတာတွေရှိပါတယ်။ ဒါမှသာ ဆောင်ရွက်ဆဲလုပ်ငန်းတွေနဲ့ မပြီးပြတ်သေးတဲ့ လုပ်ငန်းတွေကို စနစ်တကျ လက်ဆင့်ကမ်းခြင်း၊ ရှေးအသစ်လုပ်ငန်းတွေကို နောင်အစိုးရနှင့်

ညှိနှိုင်းပေးခဲ့ခြင်းတွေဟာ စိတ်ထားမြင့်မြတ်ခြင်းကို ဖော်ကျူးရာရောက်ပါတယ်။ တချို့ကိစ္စရပ်တွေမှာ ပွင့်လင်းမြင်သာမှုဆိုတဲ့ Transparency၊ တာဝန်ခံမှုဆိုတဲ့ Accountability တွေသာ အပြည့်အဝရှိခဲ့တယ်ဆိုရင် ပုလဲ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် ဒီအဆိုမျိုးကို တင်သွင်းဖို့ စိတ်ကူးရှိမှာမဟုတ်ဘူးလို့တောင် ထင်မိပါတယ်။ လုပ်ပိုင်ခွင့်ရှိတဲ့အချိန်လေးမှာ ရသမျှ အခွင့်အရေးကို အသုံးချမယ်ဆိုတဲ့ ခံယူချက်မျိုးဟာလည်း အခုမကောင်း၊ နောင်လည်းမကောင်း၊ သံသရာအတွက်လည်း မကောင်းနိုင်တဲ့လုပ်ရပ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံပိုင်မြေနေရာ အဆောက်အဦ နဲ့ပတ်သက်လို့ ဆွေးနွေးလိုပါတယ်။ အဆိုတင်သွင်းသွားတဲ့ ရန်ကုန်ဆေးရုံကြီးအနီးက မြေနေရာ။ အဲဒီ မြေနေရာဟာဆိုရင် အချိန်တိုအတွင်း အလျင်အမြန်ဆုံး ဖြတ်ဆောင်ရွက်ရမယ့် ကိစ္စမဟုတ်ပါဘူး။ အလျဉ်းသင့်လို့ အင်းစိန် BOC ကွေ့မှာရှိတဲ့ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ဟောင်းမြေနေရာကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို လွှဲပြောင်းပေးဖို့ အစီအစဉ်ရှိကြောင်း ကြားသိရတဲ့အတွက် တစ်ပါတည်း တင်ပြလိုပါတယ်။ မြေဧက ၁၀၀ ခန့်ရှိတဲ့ အဲဒီမြေနေရာဟာ အင်းစိန်လမ်းမကနေ ပြည်လမ်း၊ အာလိန်ငါးဆင့်ဘုရားရှေ့နားအထိ ကျယ်ဝန်းပါတယ်။ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး တက္ကသိုလ် ဆရာတွေအိမ်၊ စာသင်ဆောင်၊ မွေးမြူရေးလုပ်ငန်း၊ ဇရာဝတီဆောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းရုံး၊ သုတေသန၊ ရောဂါရှာဖွေရေး၊ Training Essay Lab စသည်ဖြင့် တည်ရှိ ကြပါတယ်။ အခုအဲဒီအလယ်မှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မြေနေရာယူထားကြောင်းလည်း ကြားသိရပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နွားနို့များများ သောက်နိုင်အောင်၊ ဘေးကင်းတဲ့ ကြက်ဥ၊ ကြက်သား၊ ဝက်သား၊ အမဲသားတွေ ပြည်သူတွေများများစားနိုင်အောင်၊ ခိုင်းကျွဲ၊ ခိုင်းနွားတွေကျန်းမာအောင် တိရစ္ဆာန်က လူကိုကူးစက်တတ်တဲ့ ရောဂါတွေ ထိန်းချုပ်နိုင်အောင်၊ မွေးမြူရေးနှင့် လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ပေးနေရတဲ့ မွေးမြူရေးနှင့် ကုသရေးဆရာဝန်တွေ ပါဝင်တဲ့ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု

ဆရာဝန်များအသင်း(Myanmar Veterinary Association(MVA))နဲ့ မြန်မာနိုင်ငံ တိရစ္ဆာနေဆေးကောင်စီ(Myanmar Veterinary Council (MVC))တွေမှာ ရုံးမြေနေရာနဲ့ အဆောက်အဦ လုံးဝမရှိဘဲ ငါးလုပ်ငန်း(ဘုရင့်နောင်)မှာ တွဲဖက်ထားရပါတယ်။ ဒါကြောင့် နှစ်တစ်ရာ နီးပါးရှိတဲ့ သမိုင်းဝင်ပင်မတက္ကသိုလ် အဆောက်အဦမှာ MVC ၊ MVA ရုံးတွေဖွင့်လှစ်ပေးဖို့နဲ့ ကျန်အဆောက်အဦနဲ့ မြေနေရာမှာ တိရစ္ဆာန်ဆေးကုဆေးရုံ ဆောက်လုပ်ပြီးတော့ တိရစ္ဆာန်ဆေးကု ဆရာဝန်လောင်းတွေကို လက်တွေ့သင်ကြားပေးခြင်း၊ မြို့ပြအင်္ဂါရပ်နှင့်အညီ မိသားစုအလိုက် ခရီးထွက်ပြီးတော့ အပ်နှံခဲ့တဲ့ တိရစ္ဆာန်တွေကို စောင့်ရှောက်ပေးခြင်းတွေကို ဒီနေရာမှာ ခွင့်ပြုပေး မယ်ဆိုရင် နိုင်ငံတကာနှင့် တန်းတူ အဆင့်အတန်းမီမီ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နီးကပ်နေတဲ့ အချိန်တိုအတွင်းမှာ အလျင်စလိုလုပ်ဆောင်မှုများထဲ ဒီတက္ကသိုလ် အဆောက်အဦနဲ့ မြေနေရာပါသွားမှာစိုးတဲ့အတွက် အခုလိုတင်ပြဆွေးနွေးရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီ စံချိန်စံညွှန်းများနဲ့အညီ အစိုးရဟောင်း တစ်ရပ်က အစိုးရသစ်တစ်ရပ်ကို ကောင်းကောင်းမွန်မွန်၊ ညင်ညင်သာသာ၊ ချောမွေ့စွာပြောင်းလဲနိုင် ရေးအတွက် ကျန်ရှိနေတဲ့ ကာလတိုအတွင်းမှာ လုပ်ငန်းရပ်တွေကို အလျင်စလို မလုပ်ဆောင်ဘဲ မိမိ ဆောင်ရွက်ပေးလိုက်တဲ့လုပ်ရပ်ဟာ လူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ကောင်းစားရေးသာမဟုတ်။ တစ်နိုင်ငံလုံး၊ လုပ်သားပြည်သူ တစ်ရပ်လုံး ရရှိသင့်တဲ့အခွင့်အရေးတွေကို ရရှိစေအောင် အစိုးရ တာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှုများကို အသေးစိတ်စိစစ်ဟန့်တား ထိန်းကျောင်း တည့်မတ်ပေးပါရန် ပုလဲမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် တင်သွင်းသော အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးလင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏ အရေးကြီးအဆိုအား ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲပြီး နောက်ပိုင်း ကျူးကျော်များကို အတင်းအဓမ္မဖယ်ရှားနေသည့် လုပ်ရပ်များ ပိုမိုများပြားလာခြင်းအပေါ် အဓိကထား ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥပမာအနေဖြင့် လွန်ခဲ့ သော နှစ်ပေါင်းတစ်ရာကျော်ကတည်းက တည်ရှိခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရှိ ညောင်နီကျေးရွာမှာ နှစ်ပေါင်းများစွာ စဉ်ဆက်မပြတ် နေထိုင်လာခဲ့ကြပါတယ်။ နှစ်စဉ် မြေခွန်ပြေစာများကိုလည်း ၂၀၁၂ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျေးရွာသူ ကျေးရွာသားများရဲ့အိမ်ရာများမှာလည်း အခိုင်အမာ တည်ရှိလျက်ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ဟုဆိုကာ ရွှေပုဇွန်ကုန်းအိမ်ရာစီမံကိန်းအမည် ဖြင့် လယ်ယာမြေများကို အခြားနည်း သုံးစွဲရန်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ အရ ၄-၉-၂၀၀၆ ရက်နေ့တွင် ၁၃.၁၀ ဧကကို တစ်ကြိမ်၊ ၁၀-၁၀-၂၀၀၇ ရက်နေ့တွင် ၅.၈၈ ဧကကို တစ်ကြိမ် နှစ်ကြိမ်တိုင် စာရွက်ပေါ်တွင် သိမ်းယူခဲ့သော်လည်း လက်ရောက်ရယူခြင်းမရှိခဲ့ပါဘူး။ ကျေးရွာသူကျေးရွာသားများမှာ လတ်တလောကျူးကျော်ဟုဆိုကာ တရားစွဲဆိုရင်ဆိုင်နေရဆဲ အချိန် လည်း ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ၁ လပိုင်း ၂၅ ရက်နေ့မှာ တစ်ကြိမ်၊ ၂၈-၁-၂၀၁၆ ရက်နေ့တွင် တစ်ကြိမ် လက်နက်များကိုင်ဆောင်ထားသော လူအင်အားတစ်ထောင်ကျော်သုံး၍ ရွာသားများ၏ စိုက်ခင်းများ၊ လူနေအိမ်များအား ဖျက်ဆီးခြင်း၊ အတင်းအဓမ္မဖယ်ရှားခြင်းများကို ခံခဲ့ရပါတယ်။ ယခုအချိန်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသူကျောင်းသားအပါအဝင် လူဦးရေ ၁၂၀ ခန့်မှာ အိမ်ရှိယာရှိဘဝက နေပြီး နေ့ချင်းညချင်းဆိုသလိုပဲ အိမ်မဲ့ယာမဲ့ ဘဝသို့ရောက်ရှိနေကြသည်မှာ အလွန်ပင်ဝမ်းနည်း ကြေကွဲစရာကောင်းလှပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အလားတူဖြစ်ရပ်မျိုး မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ဂေါက်ကွင်း၊ ကွင်းအမှတ် (၅၄၈)၊ (၅၄၉)၊ (၅၅၀)၊ ဧကအား ဖြင့် ၃၃၀ ဧကတို့အပြင် ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာ ကွင်းအမှတ် (၅၀၈)၊ (၅၀၉)၊ ဧကအားဖြင့် ၁၇၃ ဧကကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် မတ်လပိုင်းတွင် အင်အားသုံးဖြေရှင်းမည်ဟု လည်း ကြားသိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာရေအား လျှပ်စစ်လမ်းပေါ်ရှိ သပြေရွာမှ တောင်သူ ၈၅ ဦးမှာလည်း လွန်ခဲ့သောနှစ်ပေါင်း ၄၅ နှစ်ကျော်ကတည်းက နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော မြေဧက ၁၂၀၀ ဧကရှိသည့် အနက် ၂၀-၂-၂၀၁၆ ရက်နေ့တွင် ၆၀၀ ဧကကို နိုင်ငံပိုင်မြေအဖြစ် သိမ်းယူမည်ဟု ရွာသူရွာသားများ အား လာရောက်ပြောကြားကြောင်း ကြားသိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်တွင် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၇)တွင် ရှိသော မဇ္ဈိမပဋိပဒါကမ္မဋ္ဌာန်းကျောင်းတိုက်မှာလည်း ၁၉၇၂ ခုနှစ်ကတည်းက တည်ရှိခဲ့သော ကျောင်းတစ်ကျောင်းလည်းဖြစ်ပါတယ်။ ၎င်းကျောင်းတိုက် အနီးတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းက ရှစ်ကျောင်း၊ ခရစ်ယာန်ကျောင်းက တစ်ကျောင်း၊ ဟိန္ဒူကျောင်း က တစ်ကျောင်းလည်း ရှိပါတယ်။ အဆိုပါ မဇ္ဈိမပဋိပဒါကျောင်းတိုက်မှာ ၁၉၈၀ ခုနှစ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာ အမှတ်အပိုဒ် ၃(က)အရ စိစစ်ရေးအဖွဲ့က ကိုက်ညီသော ကြောင့် အသိအမှတ်ပြုခဲ့သော ဘုန်းကြီးကျောင်းလည်းဖြစ်ပါတယ်။ အဆိုပါကျောင်းကို သက်ဆိုင်ရာ မှ ၂-၃-၂၀၁၆ ရက်နေ့တွင် နောက်ဆုံးထားဖယ်ရှားမည်ဟုလည်း ကြားသိကြောင်း၊ လျှောက်ထား လာကြောင်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဖော်ပြခဲ့သော ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ရေဝင်ရေလဲသဘာဝသစ်တောကြားခံဇုန်ရှိ ၂၇၂.၁၅ ဧကကို စက်မှုဇုန် မြေဌားဂရန်ချထားပေးသည့် နေရာမှာ အမျိုးသားကန်တော်ကြီး ဥယျာဉ်(ယခင်ရုက္ခဗေဒဥယျာဉ်)နှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိ နေသောနေရာ ဖြစ်ပါတယ်။ ပြင်ဦးလွင်မြို့သာမက တစ်နိုင်ငံလုံး၏ အထင်ကရဖြစ်သော ထိန်းသိမ်း ရမည့် အမွေအနှစ်တစ်ခုလည်းဖြစ်ပါတယ်။

ကန်တော်ကြီးဥယျာဉ်မှာ နိုင်ငံခြားငွေအမြောက်အမြား ရရှိပြီး နိုင်ငံတကာမှစိတ်ဝင်စားသော ဥယျာဉ်တစ်ခုလည်းဖြစ်ပါတယ်။ သက်ရှိဇီဝမျိုးစိတ်မျိုးကွဲများ တည်ရှိပြီး အများပြည်သူများ အပန်းဖြေအနားယူနေနိုင်သည့် ကန်တော်ကြီးဥယျာဉ်အတွင်း လေထု၊ မြေထု ညစ်ညမ်းမှုများလည်း ဖြစ်ပေါ်လာစေနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အစိုးရ တစ်ခုမှ အစိုးရတစ်ခုသို့ တာဝန်လွှဲပြောင်းမည့်အချိန်ကာလတွင် ယခုကဲ့သို့ အလျင်စလို လုပ်ကိုင် ဆောင်ရွက်နေခြင်းများမှာ ယခုအစိုးရတစ်ရပ်အနေဖြင့် ဂုဏ်သိက္ခာညှိုးနွမ်းစေပြီး နောင်တွင် ပေါ်ထွက်လာမယ့် အစိုးရသစ်တစ်ရပ်ကိုလည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်ပါတယ်။ ထို့ကြောင့် ဒေါ်ခင်စန်းလှိုင်၏အဆိုအား လေးလေးနက်နက် ဆွေးနွေးတင်ပြ ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်ဗိုလ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၅-၂-၂၀၁၆ ရက်နေ့ မှာ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ အရေးကြီးအဆိုကို ထောက်ခံ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဒေါ်ခင်စန်းလှိုင်က ရွေးကောက်ပွဲ အပြီး အစိုးရသစ် တာဝန်လွှဲပြောင်းယူချိန် တစ်လခန့်သာလိုတော့တဲ့အချိန်မှာ အလျင်စလိုလုပ် ဆောင်တဲ့ လုပ်ငန်းများအနက် ဥပမာအဖြစ် လုပ်ဆောင်တဲ့လုပ်ငန်း ၁၀ ခုကို ဖော်ပြထားပါတယ်။ ဒီဥပမာများထဲက အချိန်ကို ငဲ့ညှာသောအားဖြင့် လုပ်ဆောင်တဲ့လုပ်ငန်း သုံးခုသာ ဖော်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ (၁) ရန်ကုန်ဆေးရုံကြီးအနီး နိုင်ငံပိုင်အချက်အခြာမြေ ၄.၃ ဧကကိစ္စ၊ ဒီလုပ်ဆောင်တဲ့ လုပ်ငန်းဟာဆိုရင် ဦးစွာ ပြည်သူတွေကို အရင်ဆုံးချပြရှင်းလင်း သင့်ပါတယ်။ လူထုကထောက်ခံ သဘောတူလက်ခံဖို့ ရှိ/မရှိ သိနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အိမ်၊ ခြံ၊ မြေ ကျွမ်းကျင်သူတွေနဲ့လည်း ကာလပေါက်ဈေးကို တွက်ချက်သင့်ပါတယ်။

နိုင်ငံအတွက် အကျိုးရှိ/မရှိ။ လုပ်ငန်းအကောင်အထည် ဖော်တာနဲ့ပတ်သက်ပြီး ညှိနှိုင်းချင့်ချိန်နိုင်မှာ ဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ သင့်မည် ဆိုတာနဲ့ ပွင့်လင်းမြင်သာမှုရှိရှိ အများပြည်သူများကို တင်ပြပြီးအကောင်အထည်ဖော် လုပ်ဆောင်သင့်ပါတယ်။ အလျှင်စလို ဆောင်ရွက်ဖို့မသင့်ပါဘူး။ (၂) လျှပ်စစ်ဝန်ကြီးဌာန စီမံကိန်းအချို့ဟာ လက်မှတ်ရေး သဘောတူညီခြင်းကိစ္စ၊ ကြီးမားတဲ့ရေအားလျှပ်စစ်၊ ရေကာတာစီမံကိန်းများကို အကောင်အထည်ဖော်တဲ့အခါမှာ ဒီစီမံကိန်းအနီးဝန်းကျင်မှာရှိတဲ့ ဒေသခံပြည်သူများကို ဦးစွာ အသိပေးတင်ပြပြီး ၎င်းတို့ရဲ့ သဘောထားကို ရယူသင့်ပါတယ်။ အဲဒီနောက်မှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိ/မရှိ၊ ဆိုးကျိုးရှိနိုင်/မရှိနိုင်၊ ရရှိလာမယ့် အကျိုးအမြတ်ခွဲဝေမှု၊ ရေရှည်တွက်ခြေ ကိုက်မှုရှိ/မရှိ စသည်တို့ကို သေချာစွာ လေ့လာပြီးမှသာ ဆောင်ရွက်သင့်ပါတယ်။ အလျှင်စလို ဆောင်ရွက်ဖို့နသင့်ပါဘူး။

နိုင်ငံမှကျူးကျော်များကို အဓမ္မဖယ်ရှားမှုကိစ္စ၊ မြေမဲ့အိမ်ရာမဲ့ဖြစ်လို့ နေထိုင်စရာမရှိတဲ့ သူများ ကို အဓမ္မဖယ်ရှားမှုဟာလည်း မဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ဦးစွာ ၎င်းတို့နဲ့ အကျေအလည် ဆွေးနွေး သင့်ပါတယ်။ ကျူးကျော်များဟာ မြေမဲ့အိမ်ရာမဲ့ဖြစ်လို့ ရှိနေခြင်းဖြစ်ပါတယ်။ ၎င်းတို့ကျူးကျော်အဖြစ် နဲ့နေထိုင်တာအချိန် ဘယ်လောက်ကြာပြီးလဲ။ အချို့ဆိုရင် နှစ်ပေါင်း ၁၀ စုနှစ်နဲ့ချီရှိနေပါပြီ။ ၎င်းတို့ကို ဆောင်ရွက်မယ့်အခြေအနေကို သေချာရှင်းပြပြီး နစ်နာမှုများကို ကုစားမည့်နည်းလမ်းများ ရှာဖွေပြီး မြင်သာစွာ ကိုင်တွယ်ဆောင်ရွက်သင့်ပါတယ်။ အလျှင်စလို အဓမ္မနည်းနဲ့ မလုပ်ဆောင်သင့်ပါဘူး။ ဒီလိုလုပ်ငန်းဆောင်ရွက်တဲ့အခါ ပြည်သူများသိရှိနိုင်ရန် လိုအပ်ရုံသာမက သတ်မှတ်ထားတဲ့ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါမှသာ ပြည်သူများစိတ်ထဲတွင် သံသယ ကင်းရှင်းပြီး ယုံကြည်စိတ်ချရမှု လေးစားမှုတို့ကို ရရှိမှာဖြစ်ပါတယ်။ စီမံကိန်းကြီးများ ရေရှည်အကျိုး အတွက် ဒေသခံပြည်သူများ ပါဝင်ပတ်သက်သူများအားလုံးနဲ့ ညှိနှိုင်းဆွေးနွေးပြီးမှ ဆောင်ရွက်ရန် အထူးအရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ပုဂ္ဂလိကများသို့ လွှဲပြောင်းရောင်းချတဲ့စက်ရုံအလုပ်ရုံ၊ စီးပွားရေး လုပ်ငန်းများနဲ့ ပတ်သက်၍ မူလတန်ဖိုးအပေါ်မှာ နှစ်အလိုက်သတ်မှတ်တဲ့ နှုန်းနဲ့

မူကြမ်း

တန်ဖိုးလျှော့ပြီး ရောင်းချရာမှာ ရောင်းချတဲ့နှစ် ကျန်ရှိသည့်တန်ဖိုးကို အခြေခံ၍ ရောင်းချကြောင်း ကြားသိရပါတယ်။ အမှန်ဖြစ်သင့်သည်မှာ နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများကို ရောင်းချမည်ဆိုပါက ကာလ တန်ဖိုးအပေါ် တွက်ချက်ရောင်းချရန် လိုအပ်ပါတယ်။ သို့မှသာ နိုင်ငံတော်မှာ များစွာနစ်နာမှုမရှိနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဒေါ်ခင်စန်းလှိုင်ရဲ့ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးအတွက် အစိုးရတာဝန် မလွှဲပြောင်းမီ အလျင်အမြန်စီမံခန့်ခွဲနေမှုစသည်တို့ကို အသေးစိတ် စိစစ် ဟန့်တား တည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ ကြောင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်၏ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲအပြီး နောက်ပိုင်း ဆောင်ရွက်သော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင် ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆော တလျင် ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင် သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများ မပြုလုပ်ဘဲ အစိုးရတာဝန် မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ် ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ခွင့်ပြုရတဲ့အကြောင်းကို လွှတ်တော်ကို ပြန်လည်ရှင်းလင်းတင်ပြဖို့ တာဝန်ရှိလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစောတုန်းက ကိုယ်စားလှယ်နှစ်ဦး၊ သုံးဦးက လွှတ်တော်ဆိုတာ ဥပဒေပြုရေးပဲတာဝန်ရှိတယ်။ ကျန်တဲ့အပိုင်းတွေ တာဝန်မရှိသလိုဆွေးနွေး သွားတာလည်း တွေ့ရပါတယ်။ နောက်တစ်ခုက အင်္ဂါရပ်နဲ့မညီဘဲနဲ့ တင်သွင်းခွင့်ရတဲ့သဘော မျိုးလည်း ဆွေးနွေးသွားတာ တွေ့ရပါတယ်။ လွှတ်တော်ဆိုတာ ဥပဒေပြုရေးသက်သက်မဟုတ် ပါဘူး။ မည်သည့်အစိုးရမဆို ပြည်ထောင်စုအစိုးရတွေနဲ့ပတ်သက်တဲ့ ဆောင်ရွက်တဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ မေးခွန်းတွေ၊ အဆိုတွေ တင်သွင်းခွင့်ရှိတယ်ဆိုတာ ဒါ တည်ဆဲဥပဒေက ပြဌာန်း

ထားတာဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၅ မှာ ဘာပြဋ္ဌာန်းထားသလဲဆိုရင် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူလိုလျှင် လွှတ်တော်သို့ အဆို တင်သွင်းရမည်။ (က) နိုင်ငံတော် နိုင်ငံသားများ၏ အကျိုးနှင့်စပ်လျဉ်းသောကိစ္စ၊ (ခ) အစိုးရဌာန အဖွဲ့အစည်းများနှင့် စပ်လျဉ်းသောကိစ္စ၊ (ဂ) ဥက္ကဋ္ဌကခွင့်ပြုသောကိစ္စဆိုပြီး ပြဋ္ဌာန်းထားတာရှိပါတယ်။ ဥက္ကဋ္ဌက ခွင့်ပြုသောကိစ္စဆိုတဲ့ နေရာမှာလည်း လွှတ်တော်ဆိုင်ရာနည်းဥပဒေနှင့် ညီညွတ်လို့ရှိရင် ဥက္ကဋ္ဌက ခွင့်ပြုနိုင်ပါတယ်။ နောက်တစ်ခုက အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးဖို့ အဆိုတင်သွင်းတာ နဲ့စပ်လျဉ်းပြီးလည်း နည်းဥပဒေ ၁၆၃ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲ ငယ်(၂)မှာ အဆိုသည် လောလောဆယ်ပေါ်ပေါက်လာသောကိစ္စလည်းဖြစ်၍ အများပြည်သူနှင့် အရေးတကြီး သက်ဆိုင်သော ကိစ္စလည်းဖြစ်ပြီးလျှင် လွှတ်တော်၏ဆုံးဖြတ်ချက်ကို ရယူရန်လိုအပ်သော ကိစ္စဖြစ်ရမည်ဆိုပြီးတော့ ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါဟာ လောလောဆယ် ဖြစ်ပျက်နေတဲ့ကိစ္စတွေ ဒီအဆိုမှာရှိနေပါတယ်။ ဒါတွေဟာ မီဒီယာတွေမှာလည်း ပေါ်နေတာဖြစ်ပါတယ်။ ဒါ့အပြင် နည်းဥပဒေခွဲငယ်(၃)မှာကျတော့ အဆိုသည် လွှတ်တော်တွင် သာမန်နည်းလမ်းဖြင့် တင်ပြဆွေးနွေးရန်မဖြစ်နိုင်သောကိစ္စ။ သာမန် နည်းလမ်းဆိုတာ အဆိုတစ်ခုကို လုပ်မယ်ဆိုလို့ရှိရင် တင်သွင်းပြီးရင် သက်ဆိုင်ရာအာဏာပိုင်တွေကို ၁၄ ရက်အချိန်ပေးရပါတယ်။ မေးခွန်းဆိုလို့ရှိရင် ၂၁ ရက်အချိန်ပေးရပါတယ်။ ဒါဟာ သာမန် နည်းလမ်းနဲ့ မဖြစ်နိုင်တဲ့ကိစ္စ အဆိုတစ်ခုလည်းဖြစ်ပါတယ်။ လောလောဆယ် ပေါ်ပေါက်နေတဲ့ကိစ္စ လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုနိုင်တဲ့ ကိစ္စဆိုပြီးတော့ ပြဋ္ဌာန်းချက်နှင့် အညီ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဒါကို ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို သိစေအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးနေတဲ့အဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန ၁၄ ခုကို ဖြေကြားရှင်းလင်းရန်ဖိတ်ကြားခဲ့သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၅-၂-၂၀၁၆ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၁/၄၃၇(၁ ပသ)/အဖရ(၂၀၁၆)ဖြင့် အရေးကြီးအဆိုများပါ အကြောင်းကိစ္စရပ်များကို ဒုတိယအကြိမ်

ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ဆွေးနွေး ရန်သင့်/မသင့် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားသုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေ တွင် အစိုးရအဖွဲ့သစ်သို့ လုပ်ငန်းတာဝန်များ စနစ်တကျလွှဲပြောင်းပေးနိုင်ရေးအတွက် ဆောင်ရွက်နေ ပါသဖြင့် အရေးကြီးအဆိုကို ဖြေရှင်းဆွေးနွေးနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်လေ့လာရန် အချိန် လိုအပ်နေပါသဖြင့် အရေးကြီးအဆိုများကို ဖြေရှင်းဆွေးနွေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို အချိန်မီစေလွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း အကြောင်းပြန်ကြားလာပါတယ်။ ဒါကြောင့် အစီအစဉ်များ ကို လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု အဆိုရှင်ရဲ့သဘောထားကို သိလိုပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဒီအဆိုတင်သွင်းရခြင်းနှင့်ပတ်သက်ပြီးတော့ ကျွန်မရဲ့အဆိုကို အားလုံးဝိုင်းဝန်း ထောက်ခံ၊ ရှုထောင့်အမြင်အသီးသီးကနေပြီးတော့ ဆွေးနွေးသွားတဲ့ အတွက်ကြောင့် ကျေးဇူးတင် ကြောင်းဦးစွာပထမပြောကြားလိုပါတယ်။ ကျွန်မ ဒီအဆိုကို တင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်ကိုက ကျွန်မရဲ့အဆိုထဲမှာ ပါပြီးဖြစ်ပါတယ်။ အဲဒီတော့ ဒီကနေ့နိုင်ငံတော်မှာ ပြည်သူလူထုတွေရဲ့အကြားမှာ ဒီသတင်းတွေဟာ ကျယ်ကျယ်လောင်လောင်နဲ့ ထွက်ပေါ်လာတဲ့သတင်းတွေဖြစ်နေသလို နိုင်ငံပိုင် သတင်းမီဒီယာတွေ ကနေအစ ဒါတွေဟာ အားလုံးဖော်ပြနေတာဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ပြည်သူ့အသံဟာ လွှတ်တော်အသံလို့ ကျွန်မတို့ ဒီလို ခံယူထားပါတယ်။ အဲ့ဒီအတွက်ကြောင့်မို့လို့ ကျွန်မတို့လွှတ်တော်ထဲကနေပြီးတော့ ပြည်သူလူထုများရဲ့ ကိုယ်စား ကျွန်မကဒီအဆိုကိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဟာ စတင်ထူထောင်စဉ်အချိန်ကတည်းကနေ ဒီကနေ့အချိန်ထိ အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ရင်ကြားစေ့ရေးမူဘောင်ကို ကျွန်မတို့သွားနေတဲ့အတွက်ကြောင့်မို့လို့မို့ ကျွန်မတို့ ဒီအဆိုရဲ့မူလ ရည်ရွယ်ချက်ကိုက လက်ရှိအစိုးရအနေနဲ့ ကျွန်မတို့မှားနေတာတွေရှိရင် ပြန်လည်ထိန်းကျောင်း တည့်မတ်ပေးနိုင်စေရန် အတွက်ဆိုတဲ့ ဒီစေတနာရည်ရွယ်ချက်နဲ့ ကျွန်မတို့တင်သွင်း

ခဲ့ခြင်းပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာရဲ့အပေါ်မှာ အခြားရည်ရွယ်ချက် ဘာမှမရှိပါဘူး။ အဓိကအနေနဲ့ကတော့ ဒီနေ့ ဖြစ်ပေါ်နေတဲ့ ဒီသတင်းတွေရဲ့အပေါ်မှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ အစိုးရဝန်ကြီးဌာနများအနေနဲ့ ပြည်သူလူထုကြားမှာ အထင်အမြင်လွဲမှားမှုတွေကို လွှတ်တော်ကြီးကနေတစ်ဆင့် ရှင်းလင်းတင်ပြ နိုင်စေရန်အတွက်သာ ကျွန်မတို့က ရည်ရွယ်ပြီးတော့ ဒီလိုမျိုးတင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။

သို့သော် မနေ့ကအခြေအနေနဲ့ ယနေ့ အခြေအနေထိ ဥက္ကဋ္ဌကြီးဖတ်ပြလိုက်တဲ့ အတွက်ကြောင့် လည်း ဒါအဆင့်သင့်မဖြစ်လို့ လာရောက်ပြီးတော့ မဖြေရှင်းနိုင်ဘူး ဆိုတာကိုတော့ ကျွန်မတို့နားလည် လက်ခံပါတယ်။ သို့သော် ဒီလိုမဖြေရှင်းနိုင်တဲ့အတွက်ကြောင့် ပြည်သူလူထုတွေကြားထဲမှာ ထင်ယောင်ထင်မှားတွေလည်း ကျွန်မတို့မဖြစ်စေချင်ပါဘူး။ နောက်တစ်ခု ကျွန်မပြောသွားတာတွေရှိပါ တယ်။ ကျွန်မအနေနဲ့ ဒီအချက်အလက်တွေကို မခိုင်မာဘူး၊ သေသေချာချာအကျိုးအကြောင်းမသိဘဲနဲ့ ကျွန်မကနေပြီးတော့ ဒါကိုလွှတ်တော်ကို တင်သွင်းတယ်လို့ ဒီပြောတဲ့ကိစ္စနှင့်ပတ်သက်လို့ရှိရင်လည်း ကျွန်မအနေနဲ့ ပြောစရာတွေ ရှိပါတယ်။ ပထမအနေနဲ့ Dagon City စီမံကိန်းနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ ကျွန်မ ဒါကို အဆိုတစ်ရပ်အနေနဲ့ တင်သွင်းခဲ့သော်လည်းပဲ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ ပြည်သူလူထုတွေနဲ့ ရဟန်းရှင်လူအားလုံးရဲ့ ပူပန်စိုးရိမ်ကြောင့်ကြမှု တွေကြောင့် Dagon City စီမံကိန်းအား ရပ်ဆိုင်းပေးပါမယ်လို့ အစိုးရကနေ ထုတ်ပြန်ကြေညာလိုက် တဲ့အတွက်ကြောင့် ကျွန်မရဲ့အဆိုက လွှတ်တော်ထဲကို ရောက်ရှိမလာခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း ကျွန်မအနေနဲ့ အချက်အလက်တွေအများကြီး တင်ပြထားပြီးဖြစ်ပါတယ်။ ဒီရန်ကုန်ဆေးရုံကြီးရဲ့ကိစ္စ ဟာလည်း ဒီကနေ့မီဒီယာလောကရဲ့ အပေါ်မှာရော၊ ဆရာဝန်များရဲ့လောကရဲ့ အတွင်းမှာရော အားလုံးဟာ စိုးရိမ်ကြောင့်ကြပူပန် နေတွေရှိနေတဲ့အတွက်ကြောင့် ဒါကိုလည်းကျွန်မအနေနဲ့ တင်ပြရခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံတော်ရဲ့ အင်မတန်မှအရေးကြီးတဲ့ ရှားပါးသယံဇာတ ဖြစ်တဲ့ ဒီ Spectrum နဲ့ပတ်သက်ပြီးတော့လည်း ကျွန်မတို့တစ်တွေ သေသေချာချာရှင်းရှင်းလင်းလင်း ပြည်သူ့လွှတ်တော်ကြီးရဲ့ အတွင်းထဲမှာ လာရောက်ပြီးတော့ ရှင်းပြတာတွေမရှိပေမယ့်လို့

ကျွန်မတို့ ပြည်သူလူထုတွေဆီကနေ ရရှိတဲ့သတင်းအချက်အလက်တွေအရ ကျွန်မတို့ ဒါကို သက်ဆိုင်ရာဝန်ကြီး ဌာနအနေနဲ့ ဖြေကြားပေးစေချင်တဲ့အတွက်ကြောင့် ကျွန်မ ဒါကို တင်ခဲ့ရခြင်းဖြစ်ပါတယ်။

သို့သော် ဒီကနေ့ သတင်းစာမှာတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းပြတာကို ကျွန်မတို့ ကြားရပါတယ်။ ဒါ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်မတို့ ပြောချင်တာက နိုင်ငံတော်အတွက် အရေးကြီး နေတဲ့ ဒီလိုအချိန်မျိုးမှာ ပြည်သူလူထုတွေရဲ့အတွင်းမှာ ထင်ရောင်ထင်မှားတွေ မဖြစ်စေရန်အတွက် ကျွန်မအနေနဲ့ ဒါကို စေတနာရှေ့ထားပြီးတော့မှ လက်ရှိအုပ်ချုပ်နေတဲ့ (၂၀၁၀) အစိုးရအနေနဲ့ မှန်ကန်သောကြိုးစားမှုနဲ့ ရလဒ်ကောင်းများရရှိခဲ့ကြောင်း မှတ်တမ်းတစ်ရပ်ကျန်ခဲ့စေချင်တဲ့ စေတနာနဲ့ ဒီအဆိုကို တင်ပြရခြင်းဖြစ်ပါတယ်လို့ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကို တင်ပြပါတယ်။ အဲဒါကြောင့် ကျွန်မရဲ့အဆိုကို လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူမှာဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စန်းလှိုင် တင်သွင်းတဲ့ အဆိုကို ကိုယ်စားလှယ် ၁၂ ဦးက ဆွေးနွေးပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှလည်း သက်ဆိုင်ရာဝန်ကြီးဌာန များအား အချိန်မီစေလွှတ်ပေးနိုင်ခြင်းမရှိကြောင်း အကြောင်းပြန်ကြား လာပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင် ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံ ဆန္ဒမဲ ၂၇၁ မဲ၊ ကန့်ကွက်မဲ ၁၃၈ မဲ၊ ကြားနေမဲ ၇ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဒေါ်ခင်စန်းလှိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပါဝင်မယ့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၂၅-၂-၂၀၁၆ ခုနှစ်မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်း ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက် ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးခင်အေး၊ နတ်တလင်း မဲဆန္ဒနယ် အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးခင်မောင်စိုး၊ ဝမ်းတွင်းမဲဆန္ဒနယ် အားလည်းကောင်း အဖွဲ့ဝင်များအဖြစ်

| | | | |
|---|---|---|---|
| ၁။ | ဦးသာချို(ခ) ဦးတင်ကြိုင် | ရေနံချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၂။ | ဦးစိုးမြင့် | ပင်းတယမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၃။ | ဦးဖိုးမောင် | ဖယ်ခုံမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၄။ | ဦးရဲလွင် | အလုံဆန္ဒနယ် | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာဒေါ်ကြည်မို့မို့လွင် | စဥ့်ကိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၆။ | ဦးလဂန်ဇယ်ဂျိုး | ဝိုင်းမော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၇။ | ဦးအောင်လှိုင်ဝင်း | မင်္ဂလာဒုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၈။ | ဦးလုံဂျူဆန်မိုင် | ဆွမ်ပရာဘွမ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၉။ | ဦးအောင်သန်းစိန် | ခန္တီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၀။ | ဦးဘိုကြီး | ချောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၁။ | ဦးခင်ချို | လှိုင်းဘွဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၂။ | ဦးဌေးမင်းသိန်း | ကြို့ပင်ကောက်မဲဆန္ဒနယ် | အဖွဲ့ဝင်နှင့် |

၁၃။ ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ

တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းကြောင်းကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ ပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနဲ့ ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊

သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ၂၅-၂-၂၀၁၆ ရက်နေ့မှာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ဒုတိယတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် မှတ်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါက်တာဦးအောင်ထွန်းခိုင်(ခေါ်) ဦးချိန်ဝင်း၊ ရေးမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးတင့်စိုး၊ ဖားကန့်မဲဆန္ဒနယ် အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| ၁။ | ဦးငွေးလွင့်(ခေါ်) ဦးဒီလုံး | နမ့်စန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၂။ | ဦးအောင်ကျော်ဇံ | ပေါက်တောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၃။ | ဦးအေးနိုင် | မိုးကောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၄။ | ဦးပေါလ်ဆိုင်း | ဒီမောဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၅။ | ဒေါ်ဇင်မာအောင် | ရန်ကင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၆။ | ဒေါ်ချိုချိုဝင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၇။ | ဒေါ်ခင်သန်းနု | မင်းတုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၈။ | ဒေါက်တာဦးလင်းလင်းကျော် | မြစ်သားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၉။ | ဦးမင်းသိန်း | ငါန်းဇွန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၀။ | ဦးမင်းကြည် | သံတွဲမဲဆန္ဒနယ် | အဖွဲ့ဝင် |

၁၁။ ဦးလွင်ကိုလတ် သန်လျင်မဲဆန္ဒနယ် အဖွဲ့ဝင်

၁၂။ ဒေါက်တာဦးထွန်းလင်းမော် ကြံခင်းမဲဆန္ဒနယ် အဖွဲ့ဝင်နှင့်

၁၃။ ဗိုလ်မှူးကြီးထွန်းသန်းအုန်း တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်နှင့် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီမှာ ပါဝင်တဲ့အဖွဲ့ဝင်များ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနဲ့ ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ ၂၅-၂-၂၀၁၆ ရက်နေ့မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် လွှတ်တော်ရဲ့အတည်ပြုချက်ရယူမှုဖြစ်ပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ်ဦးစော၊ ညောင်ဦးမဲဆန္ဒနယ်အား လည်းကောင်း၊

အတွင်းရေးမှူး အဖြစ် ဦးဝင်းမြင့်အောင်၊ ဒီပဲယင်းမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| ၁။ | ဦးစိုင်းထွန်းစိန် | မိုင်းပျဉ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၂။ | ဦးကျင့်ရှင်းထန် | တီးတိန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၃။ | ဦးစိုင်းမွန်း | လဲချားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၄။ | ဦးခင်မောင်လတ် | မြန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၅။ | ဦးထွန်းမြင့် | ဗဟန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၆။ | ဦးမြင့်လွင် | ပုဇွန်တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၇။ | ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို | ဒေါပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၈။ | ဦးနေလင်းအောင် | မင်းတပ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၉။ | ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၀။ | ဦးတင်ထွေး | ဝေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၁။ | ဦးခင်ဇော် | ကော့သောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၂။ | ဒေါ်သန္တာ | အိမ်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးကြီးမင်းသန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၃၅နာရီ အချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**